**တပေါ်စ တော် မင်္ဂလ မုတ္တမံ၊ မြိုးမြိုးစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။**


# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၂ ရက်၊ သောကြာနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၇၃)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# အမျိုးသားညီလာခံစုံညီအစည်းအဝေး ညောင်နှစ်ပင်စခန်းရှိပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပ ညီလာခံကိုယ်စားလှယ် ၉၇ ဒသမ ၇၉ ရာခိုင်နှုန်းတက်ရောက်၍ အစည်းအဝေးအထမြောက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေး တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းများဖတ်ကြားတင်ပြ




ရန်ကုန် ဇူလိုင် ၁

**အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ဆက်လက်ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ခုဖြစ်သော တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ယင်းအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များက ဖတ်ကြားတင်ပြကြသည်။**

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊

*စာမျက်နှာ ၈ ကော်လံ ၁* ✡



**အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)**



**အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)**

**အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

# ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အောင်မြင်ရေး အမျိုးသားရေးတာဝန်အဖြစ်ခံယူ ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၁ခုနှစ် စက်တင်ဘာလ ၁၅ရက်နေ့တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၁)၌ သြဝါဒစကား မြွက်ကြားရာတွင်-

**"ယခုကာလတို ငါးနှစ်စီမံကိန်းအတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အဓိကဦးစား ပေးဖော်ဆောင်သွားရန် လုပ်ငန်းစဉ်များ ချမှတ်ထားပြီးဖြစ်တယ်၊ ကျေးလက်ဒေသဟာ နိုင်ငံသား အများစုနေထိုင်ရာ ဒေသဖြစ်တဲ့အပြင် ကျေးလက်နေပြည်သူတွေရဲ့ အဓိကစီးပွားရေးဟာလည်း စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်း ဖြစ်တယ်၊ ကျေးရွာတွေရဲ့ အဓိကလိုအပ်ချက်တွေကို အဘက်ဘက်က ဖြည့်ဆည်းလုပ်ကိုင် ဆောင်ရွက်သွားကြရမှာဖြစ်တယ်"**

ဟူ၍ လမ်းညွှန်မိန့်ကြားခဲ့သည်။

ယခုအခါ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လမ်းညွှန်ချက်များနှင့်အညီ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားစီမံကိန်းတွင် အစီအမံများချမှတ်၍ အကောင်အထည်ဖော်လျက်ရှိသည်။

ကျေးလက်ဒေသများအတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ကျေးလက်ဒေသ သောက်သုံးရေရရှိရေး၊ ကျေးလက်ဒေသ ပညာရည်မြင့်မားရေး၊ ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း မြင့်မားရေး၊ ကျေးလက်ဒေသ၏ စီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အောင်မြင် ရေးအတွက် ကဏ္ဍအလိုက်၊ ကျေးရွာအုပ်စုအလိုက် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းကို နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင် သာယာရေးဦးစီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

စည်ပင်သာယာရေးဦးစီးဌာနသည် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှ၂၀၃၀-၂၀၃၁ဘဏ္ဍာရေးနှစ်အထိ နှစ်၃၀ နှစ်ရှည်စီမံကိန်း တစ်ရပ်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း စည်ပင် သာယာရေးအဖွဲ့များ ရန်ပုံငွေဖြင့် ကျေးလက်လမ်းလုပ်ငန်းအတွက် ငွေကျပ် ၁၀၀၂ ဒသမ ၄၅ သန်း၊ တံတားလုပ်ငန်းအတွက် ငွေကျပ် ၁၀၀ ဒသမ ၉၅ သန်းကျခံသုံးစွဲခဲ့ပြီး ကျေးလက်လမ်း မိုင် ၁၂၄၀ကျော်နှင့် ကျေးလက်တံတားပေါင်း ၂၀၆ စင်း တည်ဆောက်ပြုပြင် ဆောင်ရွက်နိုင်ခဲ့သည်။

ကျေးလက်ဒေသ သောက်သုံးရေရရှိရေးအတွက် ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ၁၀နှစ် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် စည်ပင် ရန်ပုံငွေကျပ် ၆၉၁ ဒသမ ၉၄ သန်းသုံးစွဲပြီး အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာ၉၆၄ ရွာနှင့် ကျန် ပြည်နယ်နှင့်တိုင်းများမှ ကျေးရွာ ၈၇၅ ရွာ စုစုပေါင်း ကျေးရွာ၁၈၃၉ ရွာ၌ သောက်သုံးရေရရှိရေး လုပ်ငန်း များ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၀၀-၂၀၀၁မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်အထိ နိုင်ငံတော် ထောက်ပံ့ငွေ၊ စည်ပင်သာယာရေးအဖွဲ့ များရန်ပုံငွေ၊ ပြည်တွင်းပြည်ပ အလှူရှင်များ ထည့်ဝင်ငွေများဖြင့် ဆောင်ရွက်မှုများ၊ နိုင်ငံတကာအဖွဲ့အစည်း များမှ ပါဝင်ဆောင်ရွက်မှု၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပါဝင်ဆောင်ရွက်မှုတို့ အပါအဝင် ကျေးရွာပေါင်း ၁၀၆၀၂ရွာတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေး လုပ်ငန်းပေါင်း ၁၅၇၁၅ခု ဆောင်ရွက် ပေးခဲ့ပြီး ဖြစ်သည်။

စည်ပင်သာယာရေးလုပ်ငန်းတာဝန်များသည် မွန်မြတ်သော ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်သည်ကို ပြည်သူအများ နားလည်သဘောပေါက်လာသည့်အလျောက် ပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင် ဆောင်ရွက်လာကြသဖြင့် တိုးတက်အောင်မြင်မှုများ ပိုမိုရရှိလာလျက်ရှိသည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည်။

သို့ဖြစ်ရာ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှု ကွာဟချက် ကျဉ်းမြောင်း သွားစေရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထောက်အကူပြုစေရေးအတွက် စည်ပင် သာယာရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် များအောင်မြင်ရေး အမျိုးသားရေးတာဝန်အဖြစ် ခံယူကြိုးပမ်းသွားကြရန် တိုက်တွန်းရေးသားလိုက်ရ ပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

၂-၇-၂၀၀၄
(သောကြာနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၂၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၃၀ ၆။ မျိုးချစ်တပ်မတော်
၄း၄၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Classification of Social Net Works (ဒုတိယနှစ် ပထဝီဝင်)
၅း၃၀ ၉။ ပညာခေတ်
၅း၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်ရည်မိုး"**(အပိုင်း-၁)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ **(လူတွင်တစ်ယောက် ဆိုရလောက်အောင် ထွန်းတောက်မည့်သူ)**
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမှန်တရားဘက်ကလှုပ်ရှားစားသမား"** (အပိုင်း-၁၆)

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြန်မာနိုင်ငံတော်ပြန်တမ်း

**ရန်ကုန် ဇူလိုင် ၁**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်) တောင်ငူတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် ယင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးကျော်မြင့်ဦးအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။



## ဝန်ကြီးဗိုလ်ချုပ်ဌေးဦးအား တရုတ်ဧည့်သည်အဖွဲ့ တွေ့ဆုံ နှစ်နိုင်ငံစက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ရန်ကုန် ဇူလိုင် ၁

**သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား တရုတ်ပြည်သူ့ သမ္မတနိုင်ငံ CCPIT Chongqing Sub-Council ဒုတိယဥက္ကဋ္ဌ Mr.Zuo Zhonghua နှင့် CCPIT Sichuan Council ဒုတိယဥက္ကဋ္ဌ Mr.Cui Lianbin တို့သည် ဇွန်၂၈ရက် နံနက်၁၁နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက်တွေ့ဆုံသည်။** (အပေါ်ပုံ)

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီးနှင့် Chongqing Sub-Council ဒုတိယဥက္ကဋ္ဌ Mr.Zuo Zhonghua တို့သည် မြန်မာနိုင်ငံတွင် ဇွန်၂၉ရက်မှ စတင်ခင်းကျင်း ပြသမည့် တရုတ်နိုင်ငံ ချုံကျင်း/ဗီချွမ်းပြည်ပပို့ကုန်ပစ္စည်းပြပွဲ ၂၀၀၄နှင့်အတူ ပို့ကုန်ပစ္စည်းဆွေးနွေးပွဲလည်း ပါဝင်မည်ဖြစ်၍ မြန်မာနိုင်ငံရှိပို့ကုန်ပစ္စည်းများ ထုတ်လုပ်သောသမဝါယမ အသင်းများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်ဆွေးနွေးရေးနှင့် နှစ်နိုင်ငံ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံရာသို့ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး စိုးဝင်း၊သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးသန်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်လွင်ဦးနှင့် ဝန်ကြီးရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ဂုဏ်ပြု အထူးအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချ

**ရန်ကုန် ဇူလိုင် ၁**

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလုံမြို့နယ် ဆင်မင်းလမ်းရှိ အထွေထွေစီးပွားရေး လုပ်ငန်းအသင်းစု စံပြသမဝါယမ အရောင်းဆိုင်နှင့် စကားစိမ်းလမ်းရှိ စကားစိမ်း ရောင်းဝယ်ရေး သမဝါယမ အသင်းဆိုင်တို့တွင် ဇွန် ၂၆ ရက် နံနက် ၈ နာရီမှ စတင်၍ အထူးအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချကြသည်။

အထူးအရောင်းဆိုင်ဖွင့်လှစ်ရောင်းချရာသို့ ရန်ကုန်တိုင်း သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်းနှင့်တာဝန်ရှိသူများ၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် တာဝန်ရှိသူများ၊ မြို့နယ် သမဝါယမ ဦးစီးအရာရှိ ဦးသက်မောင်၊ မြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်း အသင်းစုဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ လာရောက် ကြည့်ရှုအားပေးကြသည်။

**(က-ပ)**

# နိုင်ငံတကာလေဆိပ်များနည်းတူ ဖွံ့ဖြိုးရေးကြိုးပမ်း ခရီးသည်များလုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁

**ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လုပ်ငန်းများကြီးကြပ်မှုကော်မတီ(၉/၂၀၀၇)အစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပဆိုက်ရောက်ဆောင် လေဆိပ်ခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်နှင့် မြန်မာနိုင်ငံရဲမှူခင်းတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မူးယစ်တပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနမှ ဌာနအကြီးအကဲများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာ့လေကြောင်းနှင့် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံသည် အခြားသောနိုင်ငံတကာ လေဆိပ်များနည်းတူ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည့်အတွက် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းဆောင်ရွက်လာသည့်အခါ အခြားသော နိုင်ငံတကာ လေဆိပ်များကဲ့သို့ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံရှိ လေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုနှင့် ပတ်သက်သည့်ဝန်ကြီးဌာနများ၏ လက်ရှိကျင့်သုံးနေသော ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတကာ လေဆိပ်များနည်းတူ ဆောင်ရွက်နိုင်ရန် ပြည်တွင်းပြည်ပလေကြောင်းလိုင်းများ၏ အခက်အခဲများကို အစွမ်းကုန်ဖြည့်ဆည်းပေးရန် ပြည်တွင်းပြည်ပလေယာဉ်ခရီးသည်များ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံစွာသွားလာနိုင်ရေး ဆောင်ရွက်ကြရန် ပြောကြားသည်။ **(အပေါ်ယာပုံ)**

**ရှင်းလင်းတင်ပြ**

ထို့နောက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်က ရန်ကုန်လေဆိပ်အတွက် မော်တော်ယာဉ်သုံးစွဲမှုအခြေအနေ၊ လိုအပ်သောမော်တော်ယာဉ်မှာယူထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားမှုအခြေအနေများကို ဆွေးနွေးတင်ပြသည်။ **(သတင်းစဉ်)**



# ဝန်ကြီးဗိုလ်ချုပ်စိန်ထွားအား ယူအင်န်ဒီပီရုံးမှပုဂ္ဂိုလ်တွေ့ဆုံ

**ရန်ကုန် ဇူလိုင် ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား ရန်ကုန်မြို့ရှိ UNDP ရုံးမှ UNDP Resident Representative and UN Resident Coordinator Mr.°°Charles James Petrieသည် ဇွန် ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှိ မဲခလာခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(ဝဲအောက်ပုံ)**

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဦးမောင်ပီနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



## ရွှေနိုင်ငံ၏သမီးကောင်းရတနာများ

* သူဇာယမင်း ဂုဏ်အချင်းကြောင့်
ချစ်ခြင်းမေတ္တာ ကရုဏာနှင့်
ကြင်နာခဲ့ပေ ဒို့မေမေအား
ရိုသေလေးစား မြတ်တရားဖြင့်
မွေးဖွားသည်းချာ ရတနာတို့
ပညာဆည်းပူး ပန်းသို့ခူး၏။

* ဖြူစင်မေတ္တာ မြတ်သစ္စာဖြင့်
ခိုင်မာပြည့်ဖြိုး တော်ဝင်မျိုးဟု
စိုးမိုးကြွယ်ဝ ရွှေအလှဖြင့်
မြန်မာ့အားမာန် ဖွံ့ဖြိုးရန်မို့
စီမံရေးရာ အဖြာဖြာကို
မြန်မာအမျိုးသမီး မြန်မာ့နည်းနှင့်
ဖွဲ့စည်းခဲ့ပေ အမိမြေ၌
တာဝန်ကျေလျက် လက်တွဲယှက်ခဲ့
ဆက်ကမ်းတည်ရစ် မေမျိုးချစ်တို့
(၈)နှစ်သက်တမ်းပြည့်ခဲ့ပြီ။
ရွှေခေတ်နိုင်ငံထူထောင်မည်။ ။

(မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက်)

**ရွှေညာမောင်(ဟင်္သာတ)**

# ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁**

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနက ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီတွင် လှည်းကူး–ဖောင်ကြီးလမ်း ငါးဆူတောင် လမ်းဆုံ၌ကျင်းပသည်။

**စုပေါင်းစိုက်ပျိုး**

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊အမျိုးသမီးရေးရာကော်မတီ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မီးသတ်တပ်ဖွဲ့စသည့်အဖွဲ့အစည်းများတက်ရောက်ကြပြီး ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ဆိမ့်၊ ကုက္ကိုလ်၊ မန်ကျည်း၊ စစ်၊ ကျူးလစ်၊ မဟော်ဂနီ၊ ကညင် စသည့် ပျိုးပင်ပေါင်း ၁၀၀၀ကို စုပေါင်းစိုက်ပျိုးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲများကျင်းပ

**ရန်ကုန် ဇူလိုင် ၁**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲ သုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများကို ဇွန် ၂၄ ရက်တွင် ရန်ကုန်မြို့ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း၌ အတန်းလိုက်၊ ကျောင်းကောင်စီအသင်းလိုက် လုပ်ဆောင်ကြရာတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီစိုးသိမ်းနှင့် ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ပါဝင်ဆောင်ရွက်ကြသည်။

**မှာကြား**

အဆိုပါကျောင်း၏ ၂၀၀၄–၂၀၀၅ခု ပညာသင်နှစ်ကျောင်းကောင်စီအသင်း ငါးသင်း၏ ကတိသစ္စာခံယူပွဲကို ဇွန် ၃၀ ရက်တွင် အဆိုပါကျောင်းရှိ စုဝေးကွင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးနှင့် အသင်းတာဝန်ခံခေါင်းဆောင် ဆရာမများ၊ အတန်းလိုက်အသင်းခေါင်းဆောင်များ တက်ရောက်၍ ကတိသစ္စာခံယူကာ ကျောင်းအုပ်ဆရာမကြီးက ကျောင်းကောင်စီအသင်း၏ ရည်ရွယ်ချက် လုပ်ငန်းများနှင့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ(၃)ရက်
## မြန်မာအမျိုးသမီးများနေ့
## MYANMAR WOMEN'S DAY



မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၃၀ ရက်က စွယ်တော်မြတ်စေတီတော်မြတ်ဝင်းအတွင်း ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်ဖြူဖြူရွှေနှင့်အဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်အဖွဲ့ခေါင်းဆောင် ဒေါ်မြတ်မြတ်ဦးနှင့်အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်နွယ်ဦးနှင့်အဖွဲ့ဝင်များက သစ်ပင်များ စိုက်ပျိုးကြစဉ်။ (၄၀၀)

## ကွက်ကျားမိုး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

# ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများ

** ကျောဖုံးမှ*

## အခန်း(၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများ** ဟုခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **ဥပဒေ**ဆိုသည်မှာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကိုဆိုသည်။

(ခ) **ထိန်းချုပ်ဓာတုပစ္စည်း**ဆိုသည်မှာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ၃၀၊ ပုဒ်မခွဲ (ခ)တို့အရ မူးယစ်ဆေးဝါးကိုဖြစ်စေ၊ စိတ်ကို ပြောင်းလဲစေသော ဆေးဝါးကိုဖြစ်စေထုတ်လုပ်ရာ၌ အသုံးပြုနိုင်သောဓာတုပစ္စည်းဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသည့် ဓာတုပစ္စည်းကိုဆိုသည်။

(ဂ) **မူးယစ်ဗဟိုအဖွဲ့**ဆိုသည်မှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၄နှင့် ပုဒ်မ ၅တို့အရ ဖွဲ့စည်းသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ဆိုသည်။

(ဃ) **ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီ**ဆိုသည်မှာ ဥပဒေအရဖွဲ့စည်းထားသည့် မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုနိုင်သော ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးကော်မတီကိုဆိုသည်။

(င) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ထိန်းချုပ်ဓာတုပစ္စည်းကို တရားမဝင်သော လမ်းကြောင်းသို့ ပြောင်းလဲ၍ အသုံးပြုခြင်းရှိ မရှိကိုလည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ထုတ်လုပ်ရာတွင် အလွဲအသုံးပြုခြင်း ရှိမရှိကိုလည်းကောင်း စစ်ဆေးရေးအတွက် ဤနည်းဥပဒေများအရ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီက ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့်အဖွဲ့ကို ဆိုသည်။

## အခန်း(၂)

### ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃။ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသည် အောက်ပါလုပ်ငန်းကိစ္စများအတွက် စိစစ်ပြီး ထောက်ခံချက်ထုတ်ပေးခြင်း သို့မဟုတ် ထောက်ခံချက်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်–

(က) ထိန်းချုပ်ဓာတုပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊

(ခ) ထိန်းချုပ်ဓာတုပစ္စည်းကို အသုံးပြု၍ ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊

(ဂ) ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်း၊

(ဃ) ပြည်တွင်းတွင် ထုတ်လုပ်သော သို့မဟုတ် ပြည်ပမှတင်သွင်းသော ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်တွင်းတွင် သယ်ယူပို့ဆောင်ခြင်း၊

(င) ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပနိုင်ငံတစ်ခုမှ တစ်ခုသို့ မြန်မာနိုင်ငံမှတစ်ဆင့် ဖြတ်သန်း၍ သယ်ယူပို့ဆောင်ခြင်း၊

(စ) ထိန်းချုပ်ဓာတုပစ္စည်းနှင့် စပ်လျဉ်း၍ သုတေသနပြုလုပ်ခြင်း။

၄။ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များသည် ထိန်းချုပ်ဓာတုပစ္စည်းနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းကိစ္စများအတွက် စိစစ်ပြီး ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်–

(က) ပြည်နယ်၊ တိုင်းတစ်ခုမှ တစ်ခုသို့ သယ်ယူပို့ဆောင်ခြင်း၊

(ခ) သိုလှောင်ထိန်းသိမ်းခြင်း၊

(ဂ) သိုလှောင်ထားရှိပြီး လက်ကားဖြန့်ဖြူးရောင်းချခြင်း။

၅။ ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သည် ထိန်းချုပ်ဓာတုပစ္စည်းကို သိုလှောင်ထားရှိပြီး လက်လီဖြန့်ဖြူးရောင်းချခြင်းနှင့်လက်ဝယ်ထားပြီး အသုံးပြုခြင်းအတွက် စိစစ်ပြီး ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၆။ ပြည်နယ်၊ တိုင်းနှင့်ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသည်–

(က) နည်းဥပဒေ ၄ နှင့် ၅တို့ပါ လုပ်ပိုင်ခွင့်ကို မိမိတို့အဖွဲ့ဝင်များထဲမှ သင့်လျော်သူ အနည်းဆုံး သုံးဦး မှ ငါးဦးအထိပါဝင်သော ခွင့်ပြုချက်ထုတ်ပေးရန် စိစစ်ရေးအဖွဲ့ကိုဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးနိုင်သည်။

(ခ) နည်းဥပဒေ ၄နှင့် ၅တို့အရ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မှတ်တမ်းပြုစုပြီး ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီသို့ သုံးလတစ်ကြိမ် တင်ပြရမည်။

၇။ ထိန်းချုပ်ဓာတု ပစ္စည်းကြီးကြပ်ရေးကော်မတီသည် ထိန်းချုပ်ဓာတုပစ္စည်းထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ခြင်း၊ ထိန်းချုပ်ဓာတုပစ္စည်းကို အသုံးပြု၍ ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းလုပ်ကိုင်ခြင်း၊ ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ သိုလှောင်ထားရှိပြီးလက်လီလက်ကား ဖြန့်ဖြူးရောင်းချ ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် လက်ဝယ်ထား၍ အသုံးပြုခြင်းတို့အတွက် ကြီးကြပ်ကွပ်ကဲရာတွင် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၈။ ထိန်းချုပ်ဓာတုပစ္စည်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအဖြစ် ထုတ်လုပ်ရာတွင် အလွဲအသုံးပြုကြောင်း သံသယဖြစ်ဖွယ်ရာ တွေ့ရှိပါက ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသည် ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေး ကော်မတီသို့ လည်းကောင်း၊ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသည် မူးယစ်ဗဟိုအဖွဲ့သို့ လည်းကောင်း ဆောလျင်စွာ သတင်းပို့ရမည်။

## အခန်း(၃)

### ထုပ်လုပ်မှုလုပ်ငန်းလုပ်ကိုင်ခြင်း

၉။ ထိန်းချုပ်ဓာတုပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ထိန်းချုပ်ဓာတုပစ္စည်းကို အသုံးပြု၍ ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်လိုသူသည် ထောက်ခံချက်ရရှိရန် ပုံစံ(၁)ဖြင့် ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ ဦးစွာလျှောက်ထားရမည်။

၁၀။ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီသည် နည်းဥပဒေ ၉အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက ထိန်းချုပ်ဓာတုပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ထိန်းချုပ်ဓာတုပစ္စည်းကို အသုံးပြု၍ ကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းအတွက် ထောက်ခံချက်ကို စည်းကမ်းချက်များ သတ်မှတ်၍ ပုံစံ(၂)ဖြင့် ထုတ်ပေးရမည်။

၁၁။ နည်းဥပဒေ ၁၀အရ ထုတ်ပေးသော ထောက်ခံချက်ကိုရရှိသူသည် တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်း၏ စက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ကို ရယူပြီးမှ ထုတ်လုပ်မှုလုပ်ငန်းကို လုပ်ကိုင်ရမည်။

၁၂။ ထိန်းချုပ်ဓာတုပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ထိန်းချုပ်ဓာတုပစ္စည်းကို အသုံးပြု၍ ကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည်–

(က) ထုတ်လုပ်မှုလုပ်ငန်းအတွက် လိုအပ်သော ထိန်းချုပ်ကုန်ကြမ်း ဓာတုပစ္စည်းများ၊ အခြားကုန်ကြမ်း ဓာတုပစ္စည်းများနှင့် သဘာဝကုန်ကြမ်းပစ္စည်းများ၏ အမျိုးအစား၊ ပုံသဏ္ဍာန်၊ အရည်အသွေးနှင့် အလေးချိန်တို့ကိုဖော်ပြပြီး နောင်လာမည့်တစ်နှစ်အတွက် လိုအပ်ချက်ကို ပုံစံ(၃)ဖြင့် ပြက္ခဒိန်နှစ် မကုန်ဆုံးမီ သုံးလ ကြိုတင်၍ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီသို့တင်ပြရမည်။

(ခ) ထုတ်လုပ်မှုလုပ်ငန်းနှင့် စပ်လျဉ်း၍ လစဉ်မှတ်တမ်းများကို ပုံစံ(၄)ဖြင့် ပြုစုထားရှိရမည်။

(ဂ) လစဉ်မှတ်တမ်းများကို သုံးလတစ်ကြိမ်စုစည်း၍ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ ပုံစံ(၅)ဖြင့် တင်ပြအစီရင်ခံပြီး မိတ္တူကို ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သို့ပေးပို့ရမည်။

(ဃ) ပုံစံ(၃)၊ (၄)၊ (၅)နှင့် အခြားလိုအပ်သော စာရွက်စာတမ်း အထောက်အထားများ၊ စာရင်းဇယားများကို အနည်းဆုံး နှစ်နှစ်အထိ ထိန်းသိမ်းထားရှိရမည်။

(င) ထုတ်လုပ်မှုလုပ်ငန်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။

(စ) ထိန်းချုပ် ဓာတုပစ္စည်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို ထုတ်လုပ်ရာတွင် တရားမဝင်သောလမ်းကြောင်းသို့ ပြောင်းလဲ၍ အသုံးပြုခြင်းမရှိစေရန် အထူးဂရုပြုရမည်။ ယင်းသို့ပြုလုပ်ကြောင်း သံသယဖြစ်ဖွယ်ရာတွေ့ရှိပါက ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီသို့ ဆောလျင်စွာ သတင်းပို့ရမည်။

(ဆ) ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီက တာဝန်ပေးစေလွှတ်သည့် စစ်ဆေးရေးအဖွဲ့များက တောင်းခံ သောစာရင်းဇယားများကိုပေးအပ်ရမည့်အပြင် ထုတ်လုပ်မှုလုပ်ငန်းနှင့် စပ်လျဉ်း၍ စစ်ဆေးမှုကို လည်း ခံယူရမည်။

(ဇ) ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ရာတွင် အကြောင်းတစ်ခုခုကြောင့် ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း၊ လိုအပ်သည် ထက်ပို၍ လျော့နည်းခြင်းဖြစ်ပါက ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေး ကော်မတီနှင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသို့ ချက်ချင်း သတင်းပို့ရမည်။

(ဈ) ထုတ်လုပ်မှုလုပ်ငန်းကို ရပ်စဲဖျက်သိမ်းလိုလျှင် ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ ကြိုတင် အကြောင်းကြားပြီး ထိုကော်မတီ၏ ကြီးကြပ်မှုဖြင့် ထိန်းချုပ်ဓာတုပစ္စည်းများကို စီမံခန့်ခွဲရမည်။

၁၃။ ထိန်းချုပ်ဓာတုပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ထိန်းချုပ်ဓာတုပစ္စည်းကို အသုံးပြု၍ ကုန်ပစ္စည်း ထုတ်လုပ်မှု လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်း၏ စက်မှုလက်မှု လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်၊ မှတ်ပုံတင် သို့မဟုတ် ခွင့်ပြုချက်သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းကို ဆက်လက် လုပ်ကိုင်လိုလျှင် ထိုသက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းသို့ လျှောက်ထားခြင်းမပြုမီ ထောက်ခံချက်ရရှိရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၆၀ ကြိုတင်၍ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေး ကော်မတီသို့ အောက်ပါစာရွက်စာတမ်းများပူးတွဲပြီး လျှောက်ထားရမည်–

(က) ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီက ထုတ်ပေးခဲ့သည့် ထောက်ခံချက်ပုံစံ (၂) နှင့် မိတ္တူ၊

(ခ) သက်ဆိုင်ရာအစိုးရဌာန၊အဖွဲ့အစည်း၏စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်သို့မဟုတ် ခွင့်ပြုချက်မိတ္တူ။

၁၄။ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီသည် နည်းဥပဒေ ၁၃ အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက ထိန်းချုပ်ဓာတုပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ထိန်းချုပ်ဓာတုပစ္စည်းကိုအသုံးပြု၍ ကုန်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းအတွက် သက်တမ်းတိုးမြှင့်ရန် ထောက်ခံချက်ကို စည်းကမ်းချက်များသတ်မှတ်၍ ထုတ်ပေးရမည်။

၁၅။ ထိန်းချုပ်ဓာတုပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ထိန်းချုပ်ဓာတုပစ္စည်းကို အသုံးပြု၍ ကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းလုပ်ကိုင်လိုသူသည် ထိန်းချုပ်ဓာတုပစ္စည်းကို သယ်ယူပို့ဆောင်လိုပါက ဤနည်းဥပဒေများ၏ အခန်း(၅)ပါ ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း၊ သိုလှောင်ထားရှိပြီး လက်လီလက်ကား ဖြန့်ဖြူးရောင်းချလိုပါက ဤနည်းဥပဒေများ၏ အခန်း(၆)ပါ ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း ခွင့်ပြုချက်ရယူပြီး ဆောင်ရွက်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

### ● ကျောက်စိမ်းအတွဲမှ

ယမန်နေ့ ညနေ၅နာရီမှ ည၉နာရီ၁၅မိနစ်အထိ ကျောက်စိမ်း အတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၁၄ တွဲကို ရတနာကုန်သည် များက ဈေးပြိုင်ပေး၍ ဝယ်ယူကြသည်။ ယမန်နေ့တစ်နေ့တည်းပင် ကျောက်စိမ်းအတွဲပေါင်း ၂၄၆ တွဲကို ရောင်းချရသည်။

၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ တတိယနေ့အဖြစ် ယနေ့နံနက် ၉ နာရီတွင် ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချရာ ညနေ ၆ နာရီအထိ ကျောက်စိမ်းအတွဲပေါင်း ၃၆ တွဲကို ပြည်တွင်းပြည်ပ ရတနာ ကုန်သည်များက ဈေးပြိုင်ပေး၍ အပြိုင်အဆိုင် ဝယ်ယူကြသည်။

ဇွန်၂၉ရက်မှ ဇူလိုင်၁ရက်အထိ သုံးရက်အတွင်း ကျောက်စိမ်းအတွဲပေါင်း ၄၆၈ တွဲကို ဝယ်ယူသွားကြသည်။

ဇူလိုင်၂ရက်နှင့်၃ရက်များတွင် ကျောက်မျက်အတွဲများကို တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။**(သတင်းစဉ်)**

### မှတ်သားဖွယ်ရာမိုးရေချိန်များ

**၃၀–၆–၂၀၀၄**

| | | |
|---|---|---|
| ထားဝယ်မြို့ | – | ၂ ဒသမ ၇၆ လက်မ |
| ကိုကိုးကျွန်း | – | ၂ ဒသမ ၄၄ လက်မ |
| ကော့သောင်းမြို့ | – | ၂ ဒသမ ၃၂ လက်မ |

### ☆ ဂျပန်အပေါ့စားမှ

Nagoyaဆိပ်ကမ်းမှ မြန်မာနိုင်ငံသို့ သယ်ဆောင်ခဲ့ခြင်းဖြစ်သည်။

#### မြို့ပတ်နှင့်ဆင်ခြေဖုံးပြေးဆွဲမည်

ယခုရောက်ရှိလာသော အပေါ့စားစက်ခေါင်းသုံးခေါင်းကို ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံး ရထားလမ်းပိုင်းတို့တွင် ခရီးသည်များအဆင်ပြေချောမွေ့စွာ သွားလာအသုံးပြုနိုင်ရန် အသုံးပြုပြေးဆွဲသွားမည်ဖြစ်သည်။

#### မြင်းကောင်ရေ ၂၅၀ အားရှိ

အဆိုပါ အပေါ့စားစက်ခေါင်းများသည် မြင်းကောင်ရေ ၂၅၀ အားရှိကြောင်းနှင့် စက်ခေါင်းပေါ်တွင် ခရီးသည်အဖြစ် ထိုင်ခရီးသည် ၃၆ဦး၊ ရပ်ခရီးသည် ၅၆ဦး စုစုပေါင်း ခရီးသည် ၉၂ဦးတို့ စီးနင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျောက်စိမ်း၊ကျောက်မျက်အထူးရောင်းချပွဲ ဝန်ကြီးကြည့်ရှုအားပေး

ရန်ကုန် ဇူလိုင် ၁

**၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ ကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပလျက်ရှိသော ၂၀၀၄ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲသို့ လာရောက်ကြည့်ရှုအားပေးရာ အထူးရောင်းချပွဲ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြသည်။**

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ကျောက်မျက်ရတနာဈေးပြိုင်ခန်းမ၌ကျောက်စိမ်းအတွဲများ ဈေးပြိုင်ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ညနေပိုင်းတွင် ကျောက်မျက်ရတနာခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။

**(သတင်းစဉ်)**

## စိမ်ကိန်းသီးနှံစိုက်ပျိုးရေးတာဝန်ပေး

**ရန်ကုန် ဇူလိုင် ၁**

တနိုင်းမြို့နယ်တွင် ၂၀၀၄-၂၀၀၅ ခုနှစ် စိမ်ကိန်းသီးနှံစိုက်ပျိုးရေးတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်ကျော်လှိုင်က စိုက်ပျိုးရေးဆိုင်ရာ ပညာပေး ရှင်းလင်းဆွေးနွေးသည်။ အဆိုပါအခမ်းအနားတွင် တောင်သူလယ်သမား ၁၇၃၄ဦးအား မိုးစပါးဧက ၁၄၀၈၀ စိုက်ပျိုးရန် တာဝန်ပေးခဲ့ကြောင်း သိရသည်။

**(က-ပ)**

## ၂၀၀၄ခုနှစ် ဇူလိုင်လ ၁၁ရက်၊ တနင်္ဂနွေနေ့

## ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့

## အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့။

**ပညာရေးဝန်ကြီးဌာန**

# ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများဆောင်ရွက်ရန်နှိုးဆော်

**ရန်ကုန် ဇူလိုင် ၁**

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍ ပညာရေးမြှင့်တင်မှုလုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းအားလုံးတွင် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပညာရေးပြက္ခဒိန်ရေးဆွဲသတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ဇူလိုင်၁၁ရက်(တနင်္ဂနွေနေ့)ကို ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အဖြစ်သတ်မှတ်ပေးထားပြီးဖြစ်သဖြင့် အဆိုပါနေ့ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအလိုက် ကျောင်းအုပ်ကြီးများ၏ဦးဆောင်မှုဖြင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အပြည့်အဝပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် သက်ဆိုင်ရာမှ နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မေတ္တာမွန်ရောင်းဝယ်ရေးသမအစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၁**

လသာမြို့နယ် မေတ္တာမွန်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၂၆ရက် နံနက် ၁၀ နာရီတွင် လသာမြို့နယ် အနော်ရထာလမ်းရှိ ဟောင်ကောင်ခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မေတ္တာမွန်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ရဲကျော်စွာအောင်လှက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်း သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်သန်းတင်နှင့် လသာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ အသင်းသားစာရင်းစစ် ဦးမျိုးခင်က ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ အမြတ်ခွဲဝေစာရင်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူကြသည်။ ထို့နောက် ဥက္ကဋ္ဌ ရဲကျော်စွာအောင်လှက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**(သတင်းစဉ်)**

## မီးသတ်ဦးစီးဌာနချုပ်နှင့်ဗဟိုမီးသတ်သင်တန်းကျောင်း မိသားစုဝင်သားသမီးများအားပညာသင်စရိတ်ထောက်ပံ့

**ရန်ကုန် ဇူလိုင် ၁**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနချုပ်နှင့် ဗဟိုမီးသတ်သင်တန်းကျောင်းတို့ရှိ တပ်ဖွဲ့ဝင်များ၏ မိသားစုဝင် သားသမီးများအား ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မီးသတ်သင်တန်းကျောင်း ကျန်စစ်သားခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာနချုပ်မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ မီးသတ်ဦးစီးဌာနမှူးများနှင့် မီးသတ်ဦးစီးဌာနချုပ်မှတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး(ရေး) ဒုတိယဗိုလ်မှူးကြီး ဇော်မင်းက ပညာသင်ထောက်ပံ့ကြေးပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူး(ဦးစီး) ဦးဇော်ဝင်းက ဗဟိုမီးသတ်သင်တန်းကျောင်းရှိ တပ်ဖွဲ့ဝင် ၆၉ဦး၏ သားသမီး ၁၁၇ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေးငွေများကို ကိုယ်စားလှယ်တစ်ဦးအားပေးအပ်သည်။

ယင်းနောက် မီးသတ်ဦးစီးဌာနချုပ် ဦးစီးဌာနခွဲရှိ တပ်ဖွဲ့ဝင် ၄၄ ဦး၏ သားသမီး ၇၃ဦး၊ စီမံရေးရာဌာနခွဲရှိ တပ်ဖွဲ့ဝင် ၄၃ ဦး၏သားသမီး ၆၄ ဦး၊ ထောက်ပံ့ရေးဌာနခွဲ ရှိ တပ်ဖွဲ့ဝင် ၄၆ ဦး၏ သားသမီး ၇၃ ဦးတို့အတွက် ပညာသင် ထောက်ပံ့ကြေးငွေများကို သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးများက ကိုယ်စားလှယ်များအား ပေးအပ်သည်။

**(သတင်းစဉ်)**



**(၅)ကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင်များ ဆုချီးမြှင့်ပွဲအပြီးတွင် တွေ့ရစဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)**

# မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ




**ရန်ကုန် ဇူလိုင် ၁**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော (၅)ကြိမ်မြောက် Han Golf Masters မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ မြန်မာဂေါက်ကလပ် (၉)မိုင် ပြည်လမ်း၌ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်မှ အမှုဆောင်များ၊ မြန်မာဂေါက်ကလပ်မှ အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဂေါက်သီးရိုက် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ချီးမြှင့်ပေးအပ်**

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ Wilson Operation မန်နေဂျာ ဦးအောင်ထွန်းဦးက Wilson Putting Challenge ပြိုင်ပွဲတွင် ပထမရရှိသော နေဗလဝင်းမြင့်အားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးရေးထက်ဒိုးက အမျိုးသမီး အသက်(၁၈)နှစ်အောက်ပြိုင်ပွဲတွင် ဒုတိယရရှိသော ရွှေရီဝင်း ၁၂၅ ချက်နှင့် ပထမရရှိသော ခိုင်မွန်ကျော် အချက် ၁၂၀ တို့အားလည်းကောင်း၊ Han Golf Masters Pte., Ltd. မန်နေဂျင်းဒါရိုက်တာ Professional Golfer ဦးချမ်းဟန်က အသက်(၈-၁၀)နှစ် သက်တန်းပြိုင်ပွဲတွင် တတိယရရှိသော ရဲဇော်အောင် ၁၁၂ချက်၊ ဒုတိယရရှိသော သိန်းသန်းအောင် ၁၁၂ချက်နှင့် ပထမရရှိသော အာကာကျော် ၁၀၇ချက်တို့အားလည်းကောင်း၊ Pan-West (Myanmar) Co., Ltd. အထွေထွေမန်နေဂျာ ဦးသန့်က အသက်(၁၁-၁၂)နှစ် သက်တန်းပြိုင်ပွဲတွင် တတိယရရှိသော ကောင်းထူးအောင် အချက် ၁၀၀၊ ဒုတိယရရှိသော ဉာဏ်ရဲထွဋ် ၉၈ချက်နှင့် ပထမရရှိသော စွမ်းသီဟအောင် အချက် ၉၀ တို့အားလည်းကောင်း၊ မြန်မာဂေါက်ကလပ် အတွင်းရေးမှူး ဦးကိုနီက အသက်(၁၃-၁၄)နှစ် သက်တန်းပြိုင်ပွဲတွင် တတိယရရှိသော ဉာဏ်လင်းသန့် ၉၂ချက်၊ ဒုတိယရရှိသော လွင်မောင်မောင် ၈၉ချက်နှင့် ပထမရရှိသော စိုးမင်းသူ ၈၉ချက်တို့အားလည်းကောင်း ဆုများကို အလှည့်ကျချီးမြှင့်ပေးအပ်လိုက်သည်။

ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က အသက်(၁၅-၁၇)နှစ် သက်တန်းပြိုင်ပွဲတွင် တတိယရရှိသော ထိန်ဝင်း ၈၁ချက်၊ ဒုတိယရရှိသော နေဗလဝင်းမြင့် ၇၄ချက်နှင့် ပထမရရှိသော ဖြိုးကျော်ကျော် ၇၃ ချက်တို့အား ဆုများကို ချီးမြှင့်ပေးအပ်လိုက်သည်။

ယင်း(၅)ကြိမ်မြောက် မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို Han Golf Masters Pte., Ltd. က အဓိကပံ့ပိုးပြီး Sponsors များဖြစ်ကြသော Pan-West (Myanmar) Co., Ltd.၊ KM Golf Centre၊ Maruman၊ Wilson၊ Accel Internation Co., Ltd (Canon)၊ Swing Sport Equipments၊ Medi Myanmar ၊ Myanmar Golf Club Restaurant၊ Star Ice-Cream နှင့် Myanmar Golf Club တို့ကလည်း ပံ့ပိုးကူညီပေးကြကာ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management မှ တာဝန်ယူဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## စီးပွား/ ကူးသန်းဂျာနယ်ဖြန့်ချိ

**ရန်ကုန် ဇူလိုင် ၁**

ဆရာမောင်စူးစမ်း၊ ဆရာအောင်သင်း၊ ဆရာပါရဂူ၊ ဒေါက်တာခင်မောင်ညို၊ ဦးဟန်ထွန်းတို့၏ဆောင်းပါးများနှင့် သုတ၊ရသ ဆောင်းပါးများဖြင့် စေစေဆာဆာဖော်ပြထားသည့် စီးပွား/ကူးသန်းဂျာနယ် အတွဲ(၄)၊ အမှတ်(၁၂)ကို အမှတ်၃၈ လမ်း၃၀ ပန်းဘဲတန်းမြို့နယ် ရန်ကုန် စီးပွား/ကူးသန်း ဂျာနယ်တိုက်က တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

**(က-ပ)**

## ကံထူးရှင်များပေါ်ထွက်

**ရန်ကုန် ဇူလိုင် ၁**

(၁၈၆)ကြိမ်မြောက် ကျပ်၅၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

**ကျပ်သိန်း ၃၀၀ အထူးဆု**

ပ-၂၃၇၀၀၂

**ကျပ်သိန်း ၅၀ ဆုများ**

ဏ-၃၀၈၉၀၈ ဏ-၇၅၉၃၁၉
တ-၈၂၂၃၅၇ င-၉၃၈၀၈၆
ဝ-၄၂၇၄၀၁ သ-၄၂၇၀၆၅
မ-၆၄၈၁၄၈ ဠ-၇၈၈၂၉၅
င-၅၃၉၃၀၄ ဗ-၁၈၅၅၉၄

**ကျပ် ၂၅ သိန်းဆုများ**

ဈ-၅၂၄၆၂၃ ဒ-၉၅၇၆၄၅
ကဂ-၉၆၁၈၆၂ ဓ-၄၀၄၄၉၁
မ-၃၉၅၁၀၉ န-၈၇၄၆၅၁
ဓ-၆၆၉၆၀၅ ဏ-၅၈၀၃၄၇
ကက-၃၆၈၇၇၄ ဍ-၁၇၄၉၅၅
ဟ-၈၉၂၉၇၃ ဃ-၄၂၆၆၅၄

**ကျပ်သိန်း ၅၀ (မင်္ဂလာစုံတွဲ)**

ဒ-၆၂၈၇၂၅ ဝ-၃၄၅၅၀၆
လ-၇၆၉၅၃၅ ဖ-၁၈၂၅၃၅
ဈ-၂၉၅၅၇၁ ဍ-၆၈၉၈၂၂
ဂ-၁၅၂၃၇၀ ပ-၇၂၆၅၁၄
တ-၄၃၈၅၉၁ ဎ-၉၆၃၈၉၈
င-၅၁၂၃၈၈ ဒ-၇၁၆၉၆၉
ဒ-၆၃၃၄၆၂ ဂ-၈၈၆၄၁၉
ပ-၅၅၉၈၇၀ ဠ-၁၀၇၈၇၉
ခ-၈၀၄၀၇၁ တ-၁၅၅၃၆၈
ဍ-၃၄၂၉၃၅



**အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဇွန်၃၀ရက်က သာကေတမြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမ အသင်းစုလီမိတက် စံပြအခြေခံစားကုန်နှင့် ကုန်မျိုးစုံအရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားကို အသင်းဆိုင်ရှေ့၌ကျင်းပရာ ဦးစီးအရာရှိ ဦးမြင့်စိုးနှင့် အသင်းဥက္ကဋ္ဌ ဦးလှကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၂၅၈)**

# အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အသင်းဝင်အဆိုပြုလွှာပေးအပ်

**ရန်ကုန် ဇူလိုင် ၁**

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က မြို့နယ်သမဝါယမဦးစီး ဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးပေါချိန်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်သောင်းက အမျိုးသမီးရေးရာအဖွဲ့၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြား၍ မြို့နယ်သမဝါယမဦးစီးဌာနမှ အမျိုးသမီးများအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်စောဝင်းက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်သောင်းထံ အဆိုပြုလွှာများကို ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြန်မာ့အလင်း
# အီရတ် မြင်ကွင်း

## ဒဏ်ရာရ

ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ ဒဏ်ရာရရှိခဲ့သော အီရတ်ကလေးငယ်နှစ်ဦးဆေးရုံ၌ ဆေးကုသမှု ခံယူနေရသည်ကို ဇွန် ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



## ဆေးကုသ

ဟီလာမြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်ကလေးငယ် တစ်ဦး ဆေးရုံ၌ ဆေးကုသမှု ခံယူနေရသည်ကို ဇွန် ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



အာဘီးလ်မြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦးဆေးရုံ၌ ဆေးကုသမှု ခံယူနေသည်ကို ဇွန် ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



## ဒဏ်ရာရရှိ

အီရတ်နိုင်ငံ အာဘီးလ်မြို့၌ ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာပြင်းထန်စွာ ရရှိသွားသော အီရတ်တစ်ဦး ဆေးရုံတွင် ဆေးကုသမှုခံယူနေရသည်ကို ဇွန် ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ဘဂ္ဂဒက်မြို့တွင် စိန်ပြောင်းကျည်ထိမှန်ခံရမှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦး ဆေးရုံ၌ဆေးကုသမှုခံယူနေရသည်ကို ဇွန် ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



## သယ်ပိုး

မိုဆူးလ်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားသဖြင့် ဒဏ်ရာ ရရှိခဲ့သည့် အီရတ်တစ် ဦး အား သယ်ပိုး ခေါ်ဆောင် လာသည်ကို ဇွန် ၂၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်





## မြို့နယ်ဆေးရုံ တိုးချဲ့ဆောင်

မကွေးတိုင်း ထီးလင်းမြို့နယ်တွင် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် တည်ဆောက်ပေးထားသော မြို့နယ်ဆေးရုံတိုးချဲ့ဆောင်ကို တွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

# နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

ဒေသခံတိုင်းရင်းသား ကျောင်းသားကျောင်းသူများ ထူးချွန် ထက်မြက်သူများဖြစ်စေရန် ကယားပြည်နယ် လွိုင်ကော်မြို့တွင် တည်ဆောက်ဖွင့်လှစ်ပေးထားသော အစိုးရနည်းပညာကောလိပ် ကျောင်းဆောင်သစ်များကို ဤသို့တွေ့ရသည်။

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် တပ်ရွာမြစ်ရေတင်စီမံကိန်းမှ ဒေသခံတောင်သူများ စိုက်ပျိုးရေရရှိစေရန်အတွက် ဤသို့ ရေပေးဝေလျက်ရှိသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



## ခေမာဝရတံတား

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလား-ကျိုင်းတုံလမ်းပေါ်တွင် တည်ဆောက်ပေးထားသော ခေမာဝရတံတားကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကက္ကူကျေးရွာတွင် ဒေသခံတိုင်းရင်းသားများ သန့်ရှင်းသော သောက်သုံးရေရရှိစေရန် ဤသို့ ဆောင်ရွက်ပေးထားသည်။

(ဓာတ်ပုံမှတ်တမ်း-နယ်စပ်/စည်ပင်)





**အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)**

☆ **ရှေ့ဖုံးမှ**

ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့်စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများဖြစ်သည့် ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ပြည်ထောင်စု



**အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ တက်ရောက်လာကြသူများကို တွေ့ရစဉ်။ (သတင်းစဉ်)**

ကရင်အမျိုးသားများ အဖွဲ့ချုပ်၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသား ညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ၊မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသောကိုယ်စားလှယ်များ၊ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်သည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ငြိမ်းချမ်းရေး ရယူထားသောအဖွဲ့အစည်းများဖြစ်ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅) (KDA)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၇)၊ ကချင်ပြည်နယ် အထူးဒေသ (၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ (KNDP) နဂါးအဖွဲ့၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) ခွဲထွက်(ဟိုယာ)၊ ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့ (ကမစည)၊ ရှမ်းပြည်နယ် လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)၊ မွန်ပြည်သစ်ပါတီ၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သည့် ကရင်ပြည်နယ်ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ရှမ်းပြည် အမျိုးသားတပ်မတော်၊ ရခိုင်ပြည်နယ် ဦးစောထွန်းဦး ဦးစီးအဖွဲ့၊ ဟိုမိန်းဒေသ သက်သာချောင်ချိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရွှေပြည်အေး (MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)၊ မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့နှင့် ရခိုင်တပ်မတော် (အေအေ)အဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**မှတ်တမ်းတင်လက်မှတ်ရေးထိုး**

အမျိုးသားညီလာခံစုံညီ အစည်းအဝေးမစတင်မီ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်း ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌစာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင် ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ တက်ရောက် ကြောင်း မှတ်တမ်းတင်လက်မှတ် ရေးထိုးကြသည်။

အမျိုးသားညီလာခံစုံညီ အစည်းအဝေးတွင်သဘာပတိအဖြစ် အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမျိုးသန့်တင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဒေါ်ခင်နု၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးယောအေးလှ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမြအေး၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာဦးသိန်းဦးဘိုးစော၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်းနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဦးထွန်းအောင်ချိန်တို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံစုံညီ အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး



**အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ညီလာခံကိုယ်စားလှယ်များ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)**



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုတင်ပြချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် ချင်းပြည်နယ်မှ ဦးကပွတီအယ်လ်က ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)**



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုတင်ပြချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် မကွေးတိုင်းမှ ဦးဝင်းရွှေက ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)**

(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူး အဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၈ ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၁၀၆၄ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်း အားဖြင့် ၉၇ဒသမ ၇၉ ရှိသဖြင့် အမျိုးသားညီလာခံစုံညီ အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံစုံညီ အစည်းအဝေးစတင်ကျင်းပကြောင်းကြေညာသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့်ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေး အကြံပြုတင်ပြချက် စာတမ်းကို ယင်းအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များက ဖတ်ကြားတင်ပြကြသည်။

ရှေးဦးစွာ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ဆွေးနွေးအကြံပြုချက်စာတမ်းပါ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍ၊ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့ကို ညီလာခံကိုယ်စားလှယ် ချင်းပြည်နယ်မှ ဦးကပ္ပတီအယ်လ်က စတင်ဖတ်ကြားတင်ပြသည်။

ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ၊ ချမှတ်နိုင်ရေးအတွက် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြု တင်ပြချက် စာတမ်းပါ စီမံခန့်ခွဲရေးကဏ္ဍနှင့် တရားစီရင်ရေး ကဏ္ဍတို့ကို ညီလာခံကိုယ်စားလှယ် ရှမ်းပြည်နယ်မှဦးစိုင်းနုက ဆက်လက်ဖတ်ကြား တင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက်၁၀နာရီ ၄၅မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံစုံညီ အစည်းအဝေးကို ၂၀၀၄ ခုနှစ် ဇူလိုင် ၂ ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





**အမျိုးသားညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)



# အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကိုယ်စားလှယ်များအားဆိုင်းပဒေသာဖြင့်ဖျော်ဖြေမှုကြည့်ရှုအားပေး

ရန်ကုန် ဇူလိုင် ၁

**အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ် ည၇နာရီမှစတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ ယမန်နေ့ညပိုင်းတွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက ဆိုင်းပဒေသာဖြင့်လည်းကောင်း၊ လူရွှင်တော်များ၏ ဟာဒယရွှင်ဆေးတို့ဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည့်ရှုအားပေးသည်။ (အပေါ်ပုံ)**

ထိုသို့ ဖျော်ဖြေတင်ဆက်ရာသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့် လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဆိုင်းပဒေသာ ဖျော်ဖြေတင်ဆက်မှုအစီစဉ်တွင် ရှေးဦးစွာ ရွာစားစိန်ကျော်ဆန်းဝင်းဆိုင်းအဖွဲ့က ပဏာမဧည့်ခံဂီတသံ၊ မြန်မာ့ဆိုင်းဖခင် နေမျိုးဗလကျော်သူဘွဲ့ရ ဦးစိန်ဗေဒါ၏ ပိတုန်းရောင်သီချင်း၊ အလင်္ကာကျော်စွာ ဦးဟန်ပ၏ ဟန်တီးလုံး၊ အလင်္ကာကျော်စွာ ဦးဘမောင်၏ ဦးဖိုးစိန်၏တီးလုံး၊ ရွာစားကြီးများဖြစ်ကြသော ဦးစိန်ချစ်တီး၊ ဦးစိန်လှမြိုင်နှင့် ဦးစိန်ဗိုလ်တင့်တို့၏ တီးလုံးများဖြင့် ဖျော်ဖြေတင်ဆက်ပြီး ကျွန်ုပ်တို့ခေတ်တီးလုံးဖြင့် လက်စွမ်းပြ ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် လူရွှင်တော်များဖြစ်ကြသော ပန်းသီ၊ ကြယ်သီး၊ စိန်သီးနှင့် ဆီးသီးတို့က ရွှင်မြူးဖွယ်ရာဟာဒယရွှင်ဆေးများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

## ဖျော်ဖြေတင်ဆက်

ဆက်လက်၍ရွာစားကျော်ဇင်မင်းဆိုင်းအဖွဲ့က ပဏာမအဖွင့်တီးလုံး၊ မြန်မာ့ဆိုင်းဖခင်ဦးစိန်ဗေဒါ၏ ခြောက်သွယ်ညွန့်သီချင်း၊ ဒီအရွယ် သီချင်းနှင့် မင်္ဂလာယာဉ်မဲ့သတို့သား သီချင်းတို့ကို အဆို၊ အတီး လက်စွမ်းပြ ဖျော်ဖြေတင်ဆက်ပြီး ခွန်းထောက်တီးလုံး၊ အင်္ဂလန်ပတ်ဆန်းတီးလုံးတို့ဖြင့် ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် ရွှေတံဆိပ် ကိုးဆုရှင် ရွာစား အောင်ဝမ်းတူးက နိုင်ငံတော်ဆိုင်းအဖွဲ့ဖြင့် ဆိုင်းအဖွင့် ပျိုးချီလက်စွမ်းပြတီးလုံး၊ မြန်မာ့တူရိယာသီချင်း၊ မြန်မာ့ဆိုင်း ဖခင် ဦးစိန်ဗေဒါ၏ အသားမည်းသီချင်းနှင့် လက်ခုပ်ပန်းသီချင်းတို့ကို အဆို၊ အတီး လက်စွမ်းပြ ဖျော်ဖြေတင်ဆက်ပြီး ခွန်းထောက်ငါးပေါက်တီးလုံး လက်စွမ်းပြကာ ကန်တော့ပွဲ သီချင်းဖြင့် အဆို၊ အတီး လက်စွမ်းပြ ဖျော်ဖြေတင်ဆက်သည်။

ဆိုင်းပဒေသာဖြင့် ဖျော်ဖြေတင်ဆက်အပြီးတွင် အမျိုးသား ညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌက ဂုဏ်ပြုချီးမြှင့်သည့် ဆုငွေကျပ် ၁၅၀၀၀၀ကို ကော်မရှင် တွဲဖက်အတွင်းရေးမှူး(၁) ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်က ပေးအပ်ချီးမြှင့်ရာ ဆိုင်းပညာရှင်၊ အနုပညာရှင်များက လက်ခံကြသည်။

ထို့နောက် တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှအမျိုးသား ညီလာခံ ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ(ဇေကမ္ဘာ)က ဆိုင်းပညာရှင်၊ အနုပညာရှင်များအား ဂုဏ်ပြုဆုငွေကျပ် ၁၀၀၀၀၀ ပေးအပ်ချီးမြှင့်သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေး စိတ် အခြေခံရမည့်မူ များ ချမှတ်နိုင်ရေးအတွက် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုတင်ပြချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် ရှမ်းပြည်နယ်မှ ဦးစိုင်းနုက ဖတ်ကြားတင်ပြစဉ်။** (သတင်းစဉ်)

**အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် တက်ရောက်လာကြသူများအား တွေ့ရစဉ်။** (သတင်းစဉ်)



ထို့နောက် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုတင်ပြချက်စာတမ်းပါ စွမ်းအင်၊လျှပ်စစ်၊သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍနှင့် လူမှုရေးကဏ္ဍတို့ကို ညီလာခံကိုယ်စားလှယ် မကွေးတိုင်းမှဦးဝင်းရွှေက ဆက်လက်ဖတ်ကြားတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက် ၉ နာရီ ၅၅ မိနစ်တွင် ခေတ္တရပ်နားသည်။

ထို့နောက် အမျိုးသား ညီလာခံစုံညီအစည်းအဝေးကို နံနက်၁၀ နာရီ ၂၅ မိနစ်တွင် ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ



**အမျိုးသားညီလာခံစုံညီ အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ကြည်တို့က ဆောင်ရွက်စဉ်။** (သတင်းစဉ်)

## ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မှတ်သားဖွယ်ရာမိုးရေချိန်များ

၁-၇-၂၀၀၄

| | |
|---|---|
| မင်္ဂလာဒုံ | ၀ဒသမ၁၂လက်မ |
| ရန်ကုန်မြို့လယ် | ၀ဒသမ၁၆လက်မ |
| ကမ္ဘာအေး | ၀ဒသမ၂၈လက်မ |

## လေပြင်းဒဏ်သင့်ကယ်ဆယ်ရေးလုပ်ငန်းငွေလှူဒါန်း

**ရန်ကုန် ဇူလိုင် ၁**

ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့်ကယ်ဆယ်ရေးလုပ်ငန်းအတွက် ဒေါ်ရာမလာဒေဝီ(ဟာနုမာန်ကော်ဖီမှုန့်) မိသားစု၏ အလှူငွေပေးအပ်ပွဲကို ဇွန်၂၉ရက် မွန်းလွဲ၁နာရီတွင်မြန်မာနိုင်ငံကြက်ခြေနီအသင်းအစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ဦးခင်မောင်ဝေ၊ ဒေါက်တာဂရီတာသိန်းတို့က အလှူငွေကျပ် ၁၀၀၀၀၀ နှင့် အဝတ်အထည်များကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ခေတ္တဥက္ကဋ္ဌ ဒေါက်တာထွန်းစိန်က လက်ခံပြီး ကျေးဇူးတင်ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန်တိုင်းနှင့်တနင်္သာရီတိုင်း၌နေရာအနှံ့မိုးရွာမည်

ရန်ကုန် ဇူလိုင် ၁

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။**

**ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိကြောင်း သိရသည်။**

**ဇူလိုင် ၂ရက်ညနေထိ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပြီး မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။**

(မြန်မာ့အလင်း)

## အိုလံပစ်နေ့အထိမ်းအမှတ် ကျွမ်းဘားပြိုင်

**ရန်ကုန် ဇူလိုင် ၁**

မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ကျွမ်းဘားပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အလုံမြို့နယ် သစ်လုပ်ငန်းပင်မ ပစ္စည်းဌာန ကျွမ်းဘားအားကစားရုံ၌ ကျင်းပသည်။ ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် အမျိုးသမီး အားကစားသမား ရှစ်ဦး၊ အမျိုးသား ၃၂ဦး၊ စုစုပေါင်း ၄၀တို့ ပြိုင်ပွဲခုနစ်မျိုး၊ အတန်း ၁၄တန်း၌ ပါဝင် ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲအပြီးတွင် အောင်နိုင်ဆုများကို အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သားငါးပွဲ့ပြိုး ပြည်အကျိုး

## မြန်မာအမျိုးသမီးများနေ့ကိုဂုဏ်ပြုသော ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ

**ခေမုံညင်း**

ဇွန်လ ၂၆ ရက်နေ့သည် စိတ်ချမ်းမြေ့ကြည်နူးသော နေ့ဖြစ်ပါသည်။ အမျိုးသားဇာတ်ရုံတွင် နေရာလွတ်ခုံ လွတ်မရှိ၊ အမျိုးသမီးထုကြီး ရှင်ပြနေကြသည်။ အဖြူရောင် လှေကားထစ်အဆင့်ဆင့်နှင့်စင်မြင့်သည်မီးရောင်အောက်တွင် လင်းလက်တောက်ပနေသည်။ မြန်မာအမျိုးသမီးလေး ၁၅ဦး၏ ပြည်တွင်းဖြစ် ရက်ထည်ဒီဇိုင်းသစ်များဖြင့် ကိုယ်ဟန်ပြရန် အကောင်းဆုံးစင်မြင့်ဖြစ်သည်။

အခမ်းအနားမှူး ဒေါ်သန်းသန်းဝင်းက မြန်မာတို့၏ နူးညံ့ချောမွတ်ပါးလွှာသော ပိုးထည်ချည်ထည်အကြောင်းကို တအံ့တသြ ရေးသားခဲ့သည့် မစ္စတာဟာဗေးနှင့် ပါရှင်ကုန်သည် တို့၏မှတ်တမ်းများကို တင်ပြသွားပြီး၊ စန္ဒရား သိန်းမြင့်သန်း တူရိယာအဖွဲ့နှင့် အဆိုတော်ယဉ်သီတာထွန်း၏ "ဒါတို့တိုင်းတို့ပြည်"ဇာတိမာန် သီချင်းဖြင့်ဖွင့်လှစ်ခဲ့သည်။ အနောက်တိုင်းမှထိုးဖောက်လာသော သရုပ်ပျက် ယဉ်ကျေးမှုများကို ရှောင်ရှားပြီး မိမိတို့၏ရက်ကန်းထည်များဖြင့် ဒီဇိုင်းလှလှ အရောင်အသွေးစုံလင်စွာချုပ်လုပ်ထားပုံများကို ဤပြပွဲတွင် ပြသသွားရန်ဖြစ်သည်။ အဖွဲ့ချုပ်ကြီးကို ပံ့ပိုးသူများထဲတွင် ဗိုလ်ချုပ်ဈေးမြဲမာလာစတိုးမှ ဒေါ်စန္ဒာဝင်း (Dozo Fashion Design Technical School)၊ လှိုင်မြို့နယ်မှ ဒေါ်သီတာဝင်း၊ ပြည်တွင်းထည်နှင့် ချုပ်လုပ်သောပိုက်ဆံအိတ်များ၊ ပုံတော်ဖိနပ်၊ ခုံမြင့်ဖိနပ်များကို ပံ့ပိုးပေးသည့် အင်းလျားရိပ်သာလမ်း(Royal Rose)မှ ဒေါ်ကြင်မွှေး၊ မိတ်ကပ်အလှပြင် ကူညီပေးသော (Eros Health and Beauty Spa) ကမ္ဘာအေးဘုရားလမ်းမှ ဒေါ်ခင်လေးနွယ်၊ကိုယ်ဟန်အလှပြကြီးကြပ်ပေးသူ ဒေါ်တင်မိုးလွင်၊ အစားအသောက်များဖြင့် ကူညီပေးသော ကြက်လျှာစွန်း(KSS Food Centre) မှ ဒေါ်အေးအေးညွန့်တို့ ဖြစ်သည်။

ချုပ်ထားသောဒီဇိုင်းပုံစံသစ်များသည် အရောင်အသွေးစုံလင်၍ သရုပ်ဆောင်သူများနှင့် လိုက်ဖက်ခြင်းကြောင့် မိန်းမချောလေးတွေပိုပြီး ကျက်သရေရှိလာသည်။ ဒီဇိုင်းအမည်များလည်း ပေးထားကြရာ တောင်ဇလပ်ပန်း၊ အင်းလေးဆည်းဆာ၊ မဟာဆန်သူ၊ မိုးသောက်ပန်း၊ ရာမညသမီးပျို၊ မနောဧကရီ၊ ပတ္တမြားဒေဝီ၊ ယောပျိုဖြူ၊ ပိတောက်ရွှေဝါ၊ ကျောက်စိမ်းမဟေသီ၊ တောင်လှေကားတို့ဖြစ်သည်။ ယနေ့ ချင်းရိုးရာ နှင့်ကချင်ရိုးရာထည်များက အဆင်ဆန်းတွေ ပိုများလာသည်ကို တွေ့ရသည်။ စင်စစ် တိုင်းရင်းဖြစ်ထည်များ ဝတ်ရခြင်းသည် ပို၍ဈေးလည်းသက်သာ ချပ်ချပ်ရပ်ရပ်လည်း ရှိသည်။ ဒါတွေကို လူတိုင်း သိဟန် မတူပါ၊ ဒီဇိုင်းသုံးဆယ်ထဲတွင် ဗေဒါရောင်ပါသော်လည်း အမည်မတွေ့ရ၊ ရင်ခတ်ပန်းသည် အရောင်ရင့် မဟုတ်ပါ၊ အဝါသာ ဖြစ်သည်။

လက်စက၊ လက်ရှည်၊ ရင်စေ့၊ ပန်းကြယ်သီးလည်ထောင်နှင့် လည်ဟိုက်လည်း တော်ရုံသာဟိုက်ကြသည်။ ခါးမတိုမရှည်၊ အမြိတ်နားများကို ရင်နှင့် ကျောဒီဇိုင်းပေါ်အောင် ဖြတ်ညှပ်ချုပ်ထားသဖြင့် အမြင်ဆန်းသည်။ ဒီဇိုင်းထွင်သူ၏ ပန်းချီမျက်စိ ဆန်းကြယ်သလောက် ဝတ်ဆင်သူအဖို့ ဂုဏ်တက်ရသည်။

မြန်မာဆန်ဆန် ဆံပင်ကိုသပ်ရပ်စွာဖြီး၍ မနိမ့်မမြင့်သင့်တော်ရုံ ပန်းများပန်ဆင်ခြင်းသည် အတင့်တယ်ဆုံးဖြစ်သည်။ ပန်းသရဖူကြီးတွေ အပုံလိုက်ပန်နိုင်မှ လှသည်မဟုတ်ပါ အဝတ်နှင့် လိုက်ဖက်သော ပန်းဖြစ်နိုင်က အကောင်းဆုံးပင်၊ ဤပြပွဲ၌ တယ်လီဖုန်းဆံထိုးနှင့် ဆံကျစ်တွင် ပန်းပွင့်များကပ်သောပုံစံ၊ ဖရင်ချ်ရိုးခေါ် နောက်ဆံပင်လိပ်သော ရှေးပုံအချို့လည်းတွေ့ရသည်။ ချည်ထည်နှင့် ပိုးထည် ဒူးနား၊ကန့်လန့်စင်း၊ မတ်ရပ်စင်း၊ လက်ဖျားအနားကွပ် ဘေးခွဲသော လက်ဖျား ပုံစံများသည် နေ့စဉ်ရုံးတက်၊ ကျောင်းသွား ပွဲထိုင်အတွက်လည်း တင့်တယ်ပါသည်။ မြန်မာ အမျိုးသမီးများကို ပြည်တွင်းဖြစ်ထည်များနှင့် ကျက်သရေရှိရှိ မြင်တွေ့ခဲ့ရပါမည်။

ထိုင်းပိုး၊ ကီမိုနို၊ ရွှေပါတိတ်ဝတ်နိုင်မှ ဂုဏ်ရှိသည်မဟုတ်ပါ၊ တိုင်းရင်းဖြစ် အဆင်ဆန်းများ ဒီဇိုင်း အသစ်ထွင်နိုင်ဖို့သာ အရေးကြီးသည်။ ကိုယ်တိုင် ချုပ်တတ်လျှင် သက်သာမည်။ ယခင်က သင်းမြင့်အေး၊ မုဒုံရွှေညသြ၊ ယုန်နှစ်ကောင် ရက်ကန်းထည်များ နိုင်ငံခြားကပင် သိသည်။

ပြပွဲကို နှစ်ပိုင်းခွဲထား၍ လုပျိုဖြူများအဝတ်ဒီဇိုင်းသစ်များ လဲနေခိုက် တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေခြင်းကလည်း ကောင်းသောအစီအစဉ်ဖြစ်ပါသည်။

ပထမပိုင်းတွင် ပိန်းတမ်းပုံတော်ဖိနပ်ဘော်ကြယ်ငွေချည်ထိုးများ စီးပြကြပြီး ဒုတိယပိုင်းတွင် တိုင်းရင်းဖြစ်သည်များနှင့် ချုပ်လုပ်ထားသော မနိမ့်မမြင့်ခုံမြင့် ဖိနပ်ကလေးများ စီးကြသည် အရုပ်မဆိုးပါ၊ အတက်အဆင်းတွင် ပို၍လှပါသည်။

နှစ်နာရီအတွင်း ဒီဇိုင်း၃၀ကို ချိန်ကိုက် ပြသွားနိုင်ကြသည်။ တက္ကသိုလ်ကျောင်းသူ၁၅ဦးတို့အနက် ရန်ကုန်တိုင်း လေးမြို့နယ်မှရှစ်ဦး၊ ယဉ်ကျေးမှုတက္ကသိုလ်မှ ငါးဦးနှင့် မြို့တော်စည်ပင်မှနှစ်ဦးကို ကြီးကြပ်သူများ၏ အစီအမံဖြင့် လှပစွာ တင်ဆက်နိုင်ခဲ့သည်ကို တွေ့ရသည်။

ပြပွဲနှင့်ဆီလျော်သော "မလေးလက်ခတ်သံ၊ ဖက်ဖူးဆင်၊ မျက်ဝန်းလဲ့ပြာပြာ၊ ချစ်ရေစင်၊ မေတ္တာနုနု" သီချင်းများကို ရွေးချယ်ပေးသော သူကိုလည်း ကျေးဇူးတင်မိသည်။ ယဉ်သီတာထွန်း၊ ရွှေယမင်းဦး၊ စိမ်းမိုမို၊ သီတာမိုးနှင့် အိအိချွန်တို့၏ တေးသံများကလည်း ပြပွဲကို ဂုဏ်မြောက်စေသည်။ အဆိုတော်များကိုလည်း ပြည်တွင်းဖြစ်ထည်များနှင့် ကျက်သရေရှိစွာ မြင်တွေ့ရသည်။

ဖိတ်ကြားထားသော ကျောင်းအုပ် ဆရာမကြီးများနှင့် တက်ရောက်လာကြသော မျိုးဆက်သစ် ကျောင်းသူလေးများပြည်တွင်းဖြစ်ထည်များကို ခုံမင်တွယ်တာ မြတ်နိုးစွာနှင့် တန်ဖိုးထားဝတ်ဆင်ကြရန် အချိန်တိုကာလအတွင်း တာဝန်ရှိသူများက စီစဉ်ပြသခဲ့ခြင်းဖြစ်ပါသည်။ ဆရာ ဟသ်ာတမြင့်ငွေ၏"အင်အားသစ်များနှင့်အတူ"သီချင်းဖြင့်နောက်ဆုံးပိတ်ဂုဏ်ပြုသွားသော ဒေါ်အယ်လခွန်းရီ၏ တက်ကြွသောတေးသံကိုလည်း ကြားခဲ့ရသည်။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက ပံ့ပိုးသူအားလုံးကို နှုတ်ခွန်း ဆက်ကာ ပြပွဲကော်မတီဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်ခဲ့သည်။

ဝေငှထားသော ကျေးဥရောင်စာစောင်ငယ်တွင် ဒီဇိုင်းများနှင့် သရုပ်ဆောင်သူများ၏ တင့်တယ်ဟန်ကို တွေ့ရသဖြင့် လက်ဆောင်တစ်ခုအဖြစ် အမှတ်တရ သိမ်းထားခဲ့ဖြစ်သည်။ ပြပွဲတွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု ဓလေ့နှင့်အညီ ယဉ်သန့်ခန့်သော ဆင်ယင်ထုံးဖွဲ့မှုများနှင့် ချိုမြိန်သော ဂီတသံသာများကို ကြားရ၍ ဤပြပွဲကြီးကို "ရင်ငြိမ်းပန်းပြပွဲ" ဟုပင် ခေါ်လိုက်ချင်ပါတော့သည်။ ။

## ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲဆုရသူများ စာရင်း ကြေညာ

ရန်ကုန် ဇူလိုင် ၁

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင် အားဝန်ကြီးဌာနနှင့်ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၄ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ များတွင် ဆုရသူများစာရင်းကို ပြည်သူ့အင်အားဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။**

### ပိုစတာပြိုင်ပွဲ

ပိုစတာပြိုင်ပွဲတွင် ဆုရသူ များမှာ အဆင့်(၁)အသက်(၆-၈)နှစ်အတန်းတွင် ပထမဆု မနှင်းနွယ်နွယ်အောင် တတိယတန်း အမက ရွှေကုန်းကျောက်တန်း ရန်ကုန်တိုင်း၊ ဒုတိယဆု မမေထူးမြတ်မွန် တတိယတန်း မြို့မအလက ကျောက်တန်း ရန်ကုန်တိုင်း၊ တတိယဆု မောင်ကုဋေပိုင်စိုး စတုတ္ထတန်း အထက ရွှေတောင် ပဲခူးတိုင်း၊ အထူးဆု-၁ မောင်ထူးထက်ကျော် စတုတ္ထတန်း မြို့မအလက ကျောက်တန်း ရန်ကုန်တိုင်း၊ အထူးဆု-၂ မမြတ်သုန္ဒြီမိုးမြင့် ဒုတိယတန်း အထက(၂)စမ်းချောင်း ရန်ကုန်တိုင်း၊ အထူးဆု-၃ မနီလာရွှန်းလက် တတိယတန်း အထက(၁)ဒဂုံ ရန်ကုန်တိုင်း၊အထူးဆု-၄ မအေးချမ်းမိုး ဒုတိယတန်း အထက(၁)မြိတ် တနင်္သာရီတိုင်းတို့က ရရှိကြသည်။

အဆင့်(၂)အသက် (၉-၁၂)နှစ်အတန်းတွင် ပထမဆု မခိုင်မြတ်မျိုးထွန်းလင်း သတ္တမတန်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကမာရွတ် ရန်ကုန်တိုင်း၊ ဒုတိယဆုရ မောင်ဟိန်းထက်အောင် သတ္တမတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ် ရန်ကုန်တိုင်း၊တတိယဆု မောင်ကောင်းထက် သတ္တမတန်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကမာရွတ်ရန်ကုန်တိုင်းတို့ကရရှိကြပြီး အထူးဆု-၁ မခိုင်နွယ်ဆွေ စတုတ္ထတန်း အလက(၁)ဒဂုံ ရန်ကုန်တိုင်း၊ အထူးဆု-၂ မောင်အာကာမျိုး သတ္တမတန်း အထက(၁) အောင်မြေသာစံ မန္တလေးတိုင်း၊ အထူးဆု-၃ မမေသရဖီကျော် သတ္တမတန်း အထက(၂) ကျောက်တန်း ရန်ကုန်တိုင်း၊ အထူးဆု-၄ မောင်ကျော်ဇင်ထွန်း စတုတ္ထတန်းအောင် အမက(၃၇) ချမ်းအေးသာစံ မန္တလေးတိုင်းတို့က ရရှိကြသည်။

အဆင့်(၃) အသက် (၁၃-၁၅)နှစ်အတန်းတွင် ပထမဆု မခင်ချမ်းမြေ့သူ နဝမတန်း ပညာရေး တက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ် ရန်ကုန်တိုင်း၊ ဒုတိယဆု မောင်ဇင်ကိုကို နဝမတန်း အထက(၄)အလုံ ရန်ကုန်တိုင်း၊ တတိယဆု မောင်အောင်နိုင်ဦး အဋ္ဌမတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ရန်ကုန်တိုင်းတို့ကရရှိကြပြီး အထူးဆု-၁ မောင်သီဟတင် အဋ္ဌမတန်း အထက(၁)ဒဂုံ ရန်ကုန်တိုင်း၊ အထူးဆု-၂ မသန့်ဆုထက် နဝမတန်း အထက(၂)လသာ ရန်ကုန်တိုင်း၊ အထူးဆု-၃ မခိုင်သဇင်ထက် အဋ္ဌမတန်း အထက(၄) ဗိုလ်တထောင် ရန်ကုန်တိုင်း၊ အထူးဆု-၄ မထူးထူးစိုးကြည် နဝမတန်း အထက (၁၆) ချမ်းအေးသာစံ မန္တလေးတိုင်းတို့က ရရှိကြသည်။

အဆင့်(၄) အသက် (၁၆-၁၈) နှစ်အတန်းတွင် ပထမဆု မနှင်းလဲ့ဖြူ ဒသမတန်း အထက(၂) စမ်းချောင်း ရန်ကုန်တိုင်း၊ ဒုတိယဆု မောင်ဝိုင်းချစ်ဇံ ဒသမတန်း အထက(၂) သံဖြူဇရပ် မွန်ပြည်နယ်၊ တတိယဆု မောင်ရဲကိုကိုအောင် ဒသမတန်း အထက(၁) တာမွေ ရန်ကုန်တိုင်းတို့ ရရှိကြပြီး အထူးဆု-၁ မောင်မင်းဇော်ထူး ဒသမတန်း အထက(၂)လှိုင်သာယာရန်ကုန်တိုင်း၊ အထူးဆု-၂ မနော်ကေကေလွင် ဒသမတန်း အထက(၃) ထားဝယ် တနင်္သာရီ တိုင်း၊ အထူးဆု-၃ မောင်မျိုးကိုကို ဒသမတန်း အထက(၂)လှိုင်သာယာ ရန်ကုန်တိုင်း၊ အထူးဆု-၄ မောင်အောင်ကျော်သူ တက္ကသိုလ်ဝင်တန်းဖြေဆိုထားဆဲ အထက(၂) ပုသိမ် ဧရာဝတီတိုင်းတို့က ရရှိကြသည်။

အဆင့်(၅) အလွတ်တန်းတွင် ပထမဆု ဦးရဲထွဋ်အောင် (လောကနတ်ပန်းချီ) ကျောက်တန်းမြို့နယ် ရန်ကုန်တိုင်း၊ ဒုတိယဆုရ ဒီဇိုင်းကိုသက် စမ်းချောင်းမြို့နယ် ရန်ကုန်တိုင်း၊ တတိယဆုရ ဦးစိုးလေး ကျောက်တန်းမြို့နယ် ရန်ကုန်တိုင်း၊ အထူးဆု-၁ ဦးဝင်းမြင့်ထွန်း ကျောက်တန်းမြို့နယ် ရန်ကုန်တိုင်း၊ အထူးဆု-၂ ကိုသန်းဇော် ဗဟန်းမြို့နယ် ရန်ကုန်တိုင်း၊ အထူးဆု-၃ ဒေါ်ခင်သက်လွင် သန်လျင်မြို့နယ် ရန်ကုန်တိုင်းနှင့် အထူးဆု-၄ မောင်နေသူရိန်မင်း ဗဟန်းမြို့နယ် ရန်ကုန်တိုင်းတို့က ရရှိကြသည်။

### စာစီစာကုံးပြိုင်ပွဲ

စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများမှာ အခြေခံပညာ အထက်တန်းအဆင့်တွင် ပထမဆု မထူးထူးထက် နဝမတန်း အထက(၆) မော်လမြိုင် မွန်ပြည်နယ်၊ ဒုတိယဆု မခင်မြတ်နိုးဟန် အဋ္ဌမတန်း အထက(၂) ရန်ကင်း ရန်ကုန်တိုင်း၊ တတိယဆု မောင်အောင်မြင့် အဋ္ဌမတန်း အလက(၁) မြစ်ကြီးနား ကချင်ပြည်နယ်တို့က ရရှိကြပြီး အထူးဆု-၁ မောင်သက်ဝင်းဖြိုး နဝမတန်း အထက (၂) စစ်တွေ ရခိုင်ပြည်နယ်၊ အထူးဆု-၂ မဧပရယ်ထွန်း နဝမတန်း အထက (၂) ပုသိမ် ဧရာဝတီတိုင်း၊ အထူးဆု-၃ မမေဇွန်ဖူး နဝမတန်း အထက (၁) ပဲခူး ပဲခူးတိုင်း၊ အထူးဆု-၄ မောင်ခွန်သီဟိန်း နဝမတန်း အလက(၂) ကလေး စစ်ကိုင်းတိုင်း၊ အထူးဆု-၅ မောင်စောကလိုထူး နဝမတန်း အထက(၃) ကျိုင်းတုံ ရှမ်းပြည်နယ်တို့က ရရှိကြသည်။

အခြေခံပညာ အလယ်တန်းအဆင့်တွင် ပထမဆု မအိဇာခြည်သက် သတ္တမတန်း အထက(၁) ထားဝယ် တနင်္သာရီတိုင်း၊ ဒုတိယဆု မရွှေရွှေအိ သတ္တမတန်း အလက(၃) မြစ်ကြီးနား ကချင်ပြည်နယ်၊ တတိယဆုရ မအိအိထွန်း သတ္တမတန်း အထက(၂)လသာ ရန်ကုန်တိုင်း တို့ကရရှိပြီး အထူးဆု-၁ မကေသီစိုး ဆဋ္ဌမတန်း အလက(၃) ကျိုင်းတုံ ရှမ်းပြည်နယ်၊ အထူးဆု-၂ မနှင်းသန္တာထွန်း ဆဋ္ဌမတန်း အထက(၄)စစ်တွေ ရခိုင်ပြည်နယ်၊အထူးဆု-၃ မမေမြတ်မှူးအောင် ပဥ္စမတန်း အထက(၁) ပဲခူး၊ ပဲခူးတိုင်း၊ အထူးဆု-၄ မသက်ထားဆွေနွယ် သတ္တမတန်း အထက(၁)ပြည် ပဲခူးတိုင်း၊ အထူးဆု-၅ မောင်ကျော်ခိုင်ထက် ဆဋ္ဌမတန်း အလက(၁)ပုသိမ် ဧရာတီတိုင်းတို့က ရရှိကြသည်။

### လာရောက်သတင်းပို့ရမည်

ပိုစတာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများတွင် အဆင့်အားလုံးမှ ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများအား ဇူလိုင်၁၂ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည့် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်မည် ဖြစ်ရာ ပိုစတာပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများသည် ဦးအောင်သန်း၊ ဒုတိယညွှန်ကြားရေးမှူး ပြည်သူ့အင်အားဦးစီးဌာနသို့လည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများသည် ဦးချစ်ရင် ဒုတိယညွှန်ကြားရေးမှူး ပြည်သူ့အင်အားဦးစီးဌာနသို့ လည်းကောင်း ပတ်စပို့ဓာတ်ပုံ သုံးပုံနှင့်အတူ ဇူလိုင်၇ရက်တွင် လာရောက်သတင်း ပေးပို့ကြရမည် ဖြစ်သည်။

### အစမ်းလေ့ကျင့်

ဆုချီးမြှင့်ပွဲ အစမ်းလေ့ကျင့်ပွဲကို ဇူလိုင် ၉ရက်မွန်းလွဲ၁နာရီတွင် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားကျင်းပမည့် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ ပြုလုပ်မည်ဖြစ်သည်။

### အထူးဆု

ပိုစတာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲတွင် အထူးဆုရရှိသူများအား ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြည်နယ်တိုင်းများ၌ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနများမှတစ်ဆင့် ဇူလိုင် ၁၂ ရက်တွင် ဆုများချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြစိမ်းရောင်ထဲက မြစိမ်းရောင်

**မောင်ပီတိ**

**"မြစိမ်းရောင်"** အမည်က လှသည်။ အဓိပ္ပာယ်က အပြည့်အဝ။ ခေါ်ဆိုရသည်ကိုက နှုတ်မှာချိုမြသည်။ ကြားရသူအတွက်လည်း နားဝင်ငြိမ့်ညောင်း၍ ရင်မှာ အေးချမ်းသည်။ ရန်ကုန်-ပဲခူးအဝေးပြေးကားလမ်းမကြီး၊ ရန်ကုန်မှ ၃၄မိုင်အကွာ လှည်းကူးမြို့အလွန် လမ်းနံဘေးလက်ယာဘက်ခြမ်းတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**"မြစိမ်းရောင် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း"**ဟူသော ဆိုင်းဘုတ်ကြီးကို ဖြတ်သန်းသွားလာသူတိုင်း သတိပြုမိကြသည်။ မြစိမ်းရောင် ဘက်စုံစိုက်ပျိုးမွေးမြူရေးစီမံကိန်းကို ၁-၁၀-၂၀၀၀ ရက်နေ့ကတည်းက ဧက ၁၀၀ဖြင့် စတင်အကောင်အထည်ဖော်ခဲ့ကြခြင်းဖြစ်ရာ ယခုဆိုလျှင် သက်တမ်းအားဖြင့် သုံးနှစ်ကျော်ကျော် လေးနှစ်ထဲသို့ ဝင်လာခဲ့ပြီဖြစ်သည်။

ယခုဆိုလျှင် မြစိမ်းရောင်တွင် လယ်ဧကများ၊ စိုက်ပျိုးမြေဧရိယာများ၊ ငါးကန်များ၊ မွေးမြူရေးခြံများနှင့် ရှင်းလင်းဖော်ထုတ်ခဲ့သည့် ပလပ်မြေများအပါအဝင် မြစိမ်းရောင်ပိုင်ဧရိယာဧကအနေဖြင့် ၄၀၀ဒသမ ၃၁၈ဧကရှိခဲ့လေပြီ။ နှစ်စဉ်နှစ်တိုင်း နွေစပါး၊ မိုးစပါး နှစ်သီးစိုက်ပျိုးခဲ့သည်။ တစ်နှစ်ပြီးတစ်နှစ် မြစိမ်းရောင်လယ်ကွင်းများတွင် စပါးများဧကတိုးချဲ့စိုက်ပျိုးလာခဲ့သည်။ အခြားတစ်ဖက်မှလည်း စိုက်ပျိုး၍မရသည့် ကိုင်းတော၊ ဖျိုက်တော၊ ရိုးတော၊ မြွေမျိုးစုံပေါသည့် ချုံတော၊ ပလပ်မြေများကိုပါရှင်း၍ ငါးကန်များတူးဖော်မွေးမြူခဲ့သည်။ ၎င်းနှင့်အပြိုင် ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ နွားတို့ကိုလည်း တစ်အုပ်တစ်မဖြစ်အောင် မွေးမြူထားသည်။ ကြက်ဆိုလျှင် ၁၅၀၀၀၊ ဘဲဆိုလျှင် ၁၀၀၀၀၊ ငါးဆိုလျှင် ၁၀၀၀၀၀ကျော်၊ ဝက်ဆိုလျှင် ၆၀၀ကျော်စသည်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့မွေးမြူထားပြီး ဖြစ်သည်။ စပါးစိုက်ပျိုးရေးနှင့် ပတ်သက်၍ လုပ်ငန်းရည်မှန်းချက်အဖြစ် တစ်ဧကလျှင် တင်း ၁၀၀ ထွက်ရှိရေးကို ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်မှစ၍ ချမှတ်လုပ်ဆောင်လာခဲ့ကြသည်။

စပါးတစ်ဧကတင်း ၁၀၀ ထွက်ရှိရေးဆိုသည်မှာ တကယ်တမ်းလက်တွေ့လုပ်ကြည့်တော့ မလွယ်။

ကျားကုတ်ကျားခဲ မဖြစ်ဖြစ်အောင်လုပ်ဖို့ အဖြစ်နိုင်ဆုံးနည်းလမ်းများကို ရှာကြံ လေ့လာကြရသည်။ "စေတနာထား၍ အလုပ်လုပ်ပါ" "နှာတစ်ဖျားမက၊ ဝါးတစ်ပြန်သာရမည်"ဟူသော လုပ်ငန်းလမ်းညွှန်ချက်များ ချမှတ်၍ တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်အောင် အလုပ်လုပ်ခဲ့ကြသည်။

မြစိမ်းရောင်စီမံကိန်းကို မိုးထဲ၊ လေထဲ၊ နေ့မအား၊ ညမနား အကောင်အထည်ဖော်ရင်း တစ်ဧကတင်း ၁၀၀ ကျော်ထွက်သည့် စပါးမျိုးကို မြစိမ်းရောင် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းတွင် စမ်းသပ်စိုက်ပျိုးရန် အခြေအနေများ ပေးလာခဲ့သည်။ ထို့ပြင် မွေးမြူထားသည့် တိရစ္ဆာန်များ၏ စွန့်ပစ်ပစ္စည်းများနှင့် အခြားဘေးထွက် ပစ္စည်းများပေါင်းစပ်၍ လက်တွေ့ လတ်တလော အသုံးပြုရန် သဘာဝဓာတ်မြေဩဇာများကိုလည်း ထုတ်လုပ် အသုံးပြုလျက် ရှိနေပြီဖြစ်သည်။

ယခုကဲ့သို့ တန်ဖိုးရှိသော စပါးမျိုးများကို တစ်နိုင်ငံနှင့်တစ်နိုင်ငံ မျိုးပေးရိုးထုံးစံမရှိခဲ့သော်လည်း ပုဂ္ဂိုလ်ရင်းစွဲ အပြန်အလှန် ရင်းနှီးခင်မင်မှုများဖြင့် ညှော်သည်အဖွဲ့တစ်ဖွဲ့၏ အကူအညီလိုမှု၊ ဌာနအပေါ် စေတနာထားရှိမှုများကြောင့် မြန်မာ့မြေတွင် ယင်းစပါးမျိုး အခြေတည်ခွင့်ရခဲ့လေသည်။ မူလစပါးမျိုး၏ ပင်ရင်းနာမည်ရှိသော်လည်း **"မြစိမ်းရောင်"**ဟူ၍ အမည်နာမသတ်မှတ်ခဲ့သည်။ **"မြစိမ်းရောင်ထဲက မြစိမ်းရောင်"**။

လက်ရှိ"မြစိမ်းရောင်" ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းတွင် **"မြစိမ်းရောင်"** စပါးကို စမ်းသပ်အဆင့် စိုက်ပျိုးခဲ့ပြီးနောက် စမ်းသပ်ကွက် မရိတ်သိမ်းမီ စပါးနှံများ ထူးကဲစွာ ထွက်ရှိ အသီးစုံသည်ကို တွေ့မြင်ရသည်နှင့် ယုံကြည်ချက်အပြည့်ဖြင့် တစ်အုပ်တစ်မဖြစ်အောင် ၂၃ဧက ထပ်မံစိုက်ပျိုးခဲ့သည်။

ယင်းသို့ဖြင့် ခေတ်မီအဆင့်မြင့်နည်းပညာ၊ အခြေခံစပါးမျိုးကောင်းဖြင့် စမ်းသပ်စိုက်ပျိုးကြိုးစားရန် အကြောင်းဖန်လာခဲ့သည်။ **"မြစိမ်းရောင်"**စပါးမှာ စိုက်ပျိုးရေးသမားများ သံသယရှိသောစပ်မျိုးစပါး(Hybird)မျိုးမဟုတ်၊ ဗီဇပြုပြင်မျိုး (GM)လည်းမဟုတ်၊ အထွက်ကောင်းမျိုး (HYV)ထွက်လာသော စပါးကို ထပ်မံအထွက်တိုး စိုက်ပျိုး၍ရသောမျိုးသာလျှင် ဖြစ်သည်။ ထို့အပြင် စပါးတွင် ကျရောက်တတ်သော စပါးပိုးရောဂါမျိုးသစ်လည်း မပါရှိ။ သို့အတွက် "မြစိမ်းရောင်"ကို မြန်မာ့မြေတွင် စမ်းသပ်စိုက်ပျိုးခြင်းအားဖြင့် မလိုလားအပ်သော နောက်ဆက်တွဲ ဆိုးကျိုး (Side effect)ပြဿနာများ မရှိနိုင်ဟု သိရသည်။

"မြစိမ်းရောင်" စိုက်ပျိုးရေးစခန်းကြီးအနေဖြင့်လည်း စပါးမျိုးသစ်နှင့် ပတ်သက်၍ ယုံကြည်ချက်အပြည့်အဝ ထားရှိသည်။ ပထမစမ်းသပ်ကွက်မှ "မြစိမ်းရောင်"သည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူရှေ့မှောက်တွင် ရိတ်သိမ်းပြီးစ ချင်တွယ်ရာ၌ တစ်ဧက ၁၆၄တင်းနှုန်းထွက်ရှိခဲ့လေပြီ။ ဤသည်ပင်လျှင် **"မြစိမ်းရောင်"** စိုက်ခင်းအတွင်း ပေါင်းသတ်ဆေးအသုံးမပြုဘဲ စိုက်ပျိုးခဲ့ခြင်းသာ ဖြစ်သည်။ ပေါင်းသတ်ဆေးကိုသာ သုံးစွဲပါက မလိုလားအပ်သော ပေါင်းပင်များ မထွက်တော့သဖြင့် စပါးထွက် ၁၀ရာခိုင်နှုန်းမှ ၂၀ရာခိုင်နှုန်းအထိ တိုးတက်စေမည်ဖြစ်သည်။ ယခုထပ်မံစိုက်ပျိုးခဲ့သည့် ၂၃ဧကတွင် နှစ်ဧကကိုသာ ပေါင်းမြက်သတ်ဆေး စမ်းသပ်အသုံးပြုခဲ့သည်။ ယခု ရိတ်သိမ်းပြီးချိန်အထိ ယင်းနှစ်ဧကအကွက်၌ ပေါင်းမြက်လုံးဝထွက်မလာပါ။ ကျန်လယ်ကွက်များတွင် ထွက်လာသည့် ပေါင်းမြက်များကို အကြိမ်ကြိမ်သတ်ရသဖြင့် ကုန်ကျစရိတ်က တစ်ဆကျော်ပိုကုန်သည်။ စပါးပင်များလည်း နာလှသည်။ ထို့အပြင် ထည့်ထားသမျှ မြေဩဇာများကို ပေါင်းမြက်ပင်များကပါ မျှဝေစားသွားခဲ့ကြသည်။

မြစိမ်းရောင် စပါးကို နွေစပါးအဖြစ် တစ်အုပ်တစ်မ စိုက်ပျိုးမှုကို ၂၇-၂-၂၀၀၄ ရက်နေ့တွင်မှ စတင်စိုက်ပျိုးနိုင်သည်။ အကြောင်းအမျိုးမျိုးကြောင့် နောက်ကျနေပြီကို သိသော်လည်း မျိုးစပါးများ ထပ်မံရရှိရေးနှင့် ဆင့်ပွားထပ်တိုး စိုက်ပျိုးနိုင်ရေးတို့အတွက် အရဲစွန့်ခဲ့သည်။ ယခုနှစ်မိုးဦးလေဦးက စောစော၊ မုန်တိုင်းရိုက်ခတ်မှုနှင့်အတူ မိုးသက်လေပြင်းများအောက်ဝယ် **"မြစိမ်းရောင်"**က ရင့်မှည့်လာသည်။ လယ်ကွင်းထဲ မိုးရေတွေက ဒလဟောနှင့်မို့ ရေထုတ်ရသည့် အလုပ်၊ အလေအလွင့်မရှိအောင် ရိတ်ပြီးစပါးများ ရိုးပြတ်ပေါ်၊ ကန်သင်းပေါ်ပင် မချစေဘဲ အနီးဆုံး ကုန်ထုတ်လမ်းပေါ်ရှိ ယာယီတဲအရောက် လူအင်အားဖြင့် တယုတယ ချက်ချင်းသယ်ထုတ်၊ အခြောက်ခံရသည့် အလုပ်များဖြင့် ဂရုတစိုက် ဆောင်ရွက်ခဲ့ရသည်။ နောက်ဆုံး ၁၆-၆-၂၀၀၄ရက်နေ့ ရိမ်သိမ်းခြွေလှေ့ပြီး စာရင်းချုပ်ကြည့်လိုက်တော့ ပျမ်းမျှတစ်ဧက ၁၁၀ဒသမ၃တင်း(အစို)။ ကြွက်နှောင့်ယှက်ဖျက်ဆီးမှုသာမရှိခဲ့ပါက အထွက်နှုန်းယခုထက်ပိုမည်မှာ ကေန်အမှန်။ ကြွက်သာမက စာကလေးရန်ကလည်း တစ်ဖုံ၊ ပတ်ဝန်းကျင်ဒေသ တစ်ခုလုံး ရင့်မှည့်နေသည့် **"မြစိမ်းရောင်"**စပါးခင်းတစ်ခုသာရှိ၍ စာကလေးများက ဝိုင်းအုံလာသည်။ မိုးလင်းမှသည် မိုးချုပ် ဝါးလက်ခုပ်နှင့် စာချောက်ရုပ်ပါမကျန် နည်းမျိုးစုံဖြင့် ကာကွယ်ခဲ့ရသည်။

အထွက်နှုန်း ကောင်းလှပါသည်ဆိုသော **"မြစိမ်းရောင်"**ကို သာမန်မျက်စိဖြင့် လေ့လာကြည့်ဖြစ်သည်။ လုံးရှည်လုံးသွယ်မျိုးဖြစ်သည်။ လုံးသွယ်မွှေး၊ အင်းမရဲဘော်တို့ကဲ့သို့ ခပ်ဆင်ဆင်လုံးရှည်လုံးသွယ်မျိုးဆိုတော့ ကမ္ဘာ့ဈေးကွက်ဝင် အဆင့်မီအဆင်းသဏ္ဌာန်မျိုးလည်းဖြစ်သည်။ အရှည်အတိုင်းအားဖြင့် ၉ မီလီမီတာကျော်ကျော်ရှိသည်။ ဆန်စပါးဟူသည် ပမာဏမြောက်မြားစွာ စိုက်ပျိုးထွက်ရှိရုံဖြင့် အလုပ်မဖြစ်။ အခြေခံစားသုံးကုန်ရိက္ခာဖြစ်ရန်၊ စားသုံးရန် အဆင့်မီပါမှ ထုတ်လုပ်ရကျိုးနပ်မည်ဖြစ်သည်။ ထွက်ရှိလာသော စပါးမှဆန်အဖြစ် ကြိတ်ခွဲထုတ်လုပ်ကြည့်ပြီး၊ ထမင်းအဖြစ် ချက်ပြုတ်စားကြည့်ရာတွင် လုံးသွယ်မွှေးကဲ့သို့ အနံ့မွှေးကြိုင်ပြီး နူးညံ့ပျော့ပြောင်း စားကောင်းလှသည်ဟု ဆိုသည်။ စပါးအရည်အရည်အသွေးတွင်လည်း လက်တွေ့စမ်းသပ်ကြိတ်ခွဲကြည့်ရာ၌ အကျိုးအကြေ အလွန်နည်းပြီး အထွက်နှုန်း ၄၀ရာခိုင်နှုန်းခန့်ထွက်ရှိကြောင်း သိရှိရသည်။ ဤသို့ဆိုလျှင် **"မြစိမ်းရောင်"** အသစ်သည် အရေအတွက်ရော၊ အရည်အချင်းပါ ပြီးပြည့်စုံနေပြီဟု ဆိုနိုင်ပေသည်။ စပါးကောင်း စာရင်းဝင်လေပြီ။

**"မြစိမ်းရောင်"** အသစ်အထွက်ကောင်းဖို့ အရေးကြီးသော ဆောင်ရန်ရှောင်ရန်ကိစ္စများလည်းရှိသည်။ စပါးရင့်မှည့်ချိန် မိုးမမိဖို့လိုသည်။ ရေသွင်းရေထုတ်လိုသလိုသာ လုပ်ဆောင်ပေးနိုင်လျှင် ဘယ်နေရာမှာမဆို၊ ဘယ်မြေကြီးမှာမဆို ချစိုက်နိုင်သည်။ မြေညီအောင်ညှိပေးဖို့လည်းလိုအပ်သည်။ စံချိန်မီအထွက်ကောင်းလိုလျှင် ညွှန်ကြားချက်များကို အသေးစိတ်ကအစ တစ်သဝေမတိမ်းလိုက်နာဆောင်ရွက်ဖို့ လိုအပ်ပေသည်။ မြန်မာ့ရေမြေတွင် ဒေသခံစပါးမျိုးများအပါအဝင် စပါးမျိုးပေါင်းမြောက်မြားစွာ စိုက်ပျိုးထွက်ရှိသည်။ ယေဘုယျအားဖြင့် စပါးမျိုးပေါင်း မြောက်မြားစွာ စိုက်ပျိုးထွက်ရှိ နေသည်။ သို့သော် မြန်မာ့ဆန်ပြည်ပသို့ တင်ပို့တော့မည်ဆိုလျှင် စပါးမျိုးကွဲပေါင်း မြောက်မြားစွာရှိနေခြင်းက အခက်အခဲကြီးတစ်ခုဖြစ်လာသည်။ စပါးဝယ်ယူရေးတွင် မတူသည့်စပါးများ သီးခြားစီဖြစ်အောင်၊ မရောအောင် ခွဲခြား၍ စုပုံသိုလှောင်ရသည်။ မျိုးမတူသည်များ ရောနှောစုပုံမိလျှင် စပါးမှ ဆန်အဖြစ်သို့ ကြိတ်ခွဲရေးအပိုင်းတွင် ကျိုးကြေသည့်ပြဿနာ၊ စပါးလုံးများသည့်ပြဿနာ၊ မျိုးကွဲရောနေသည့်ပြဿနာတို့ ဆက်တိုက်ကြုံတွေ့ရပေတော့မည်။ သို့အတွက် အထွက်နှုန်းလည်းကောင်း၊ စားသုံးသူလည်းလက်ခံနိုင်သော စပါးမျိုးဆိုလျှင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ဖြူးစိုက်ပျိုးသင့်ကြောင်း သိရသည်။

အထွက်တိုး ဆင့်ပွားစိုက်ပျိုးနိုင်အောင် မိုးထဲ လေထဲ ရိတ်သိမ်းခဲ့ရသည့် မြစိမ်းရောင်စပါးများကို ယခုမိုးစပါးမှစ၍ မျိုးပွားအထွက်တိုးစိုက်ပျိုးရင်း ထုတ်လုပ်မှု ကုန်ကျစရိတ်များ လျော့နည်းသည်ထက် လျော့နည်းအောင် စမ်းသပ်စိုက်ပျိုးခြင်း ရိတ်သိမ်းချိန်တွင် ရိတ်သိမ်းခြွေလှေ့စက် Combineharvester အသုံးပြုခြင်းတို့ဖြင့် စက်မှုလယ်ယာအဆင့်ရောက်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု သိရှိရပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



**ဇွန် ၂၁ ရက်က မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ မရမ်းကုန်း မြို့နယ် အမှတ်(၈) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ရပ်ကွက်ကိုယ်အားကိုယ်ကိုးနယ်လှည့် စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲဖွင့်ပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နွဲ့နွဲ့ရီနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

(မြို့နယ်ပြန်/ဆက်)

## ကျောပိုးအိတ်နှင့် ထိုင်ခုံများလှူဒါန်း

**ရန်ကုန် ဇူလိုင် ၁**

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ ဒုတိယဥက္ကဋ္ဌ ဒေါ်သက်ရီ ဦးဆောင်သော အလုပ်အမှုဆောင်များနှင့် အသင်းဝင်များသည် သန်လျင်မြို့နယ် ကရင်ဆိပ်စံပြကျေးရွာ အလယ်တန်းကျောင်း(ခွဲ)တွင် မူလတန်းနှင့် အလယ်တန်း ကျောင်းသား ကျောင်းသူများအတွက် အသင်းဝင် ဦးစိုးဝင်း ဒေါ်ခင်မျိုးသက်(လွှမ်းမိုးသူ Bag Collection)မှ တန်ဖိုးငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ ကျောပိုးအိတ် အလုံး ၂၀၀ အားလည်းကောင်း၊ အသင်းဝင် ဒေါ်တင်တင်လှိုင် (Princess IT Co., Ltd.)မှ တန်ဖိုးငွေကျပ် ၂၀၀၀၀ တန်ဖိုးရှိသော ထိုင်ခုံ ၁၅ လုံးကို လည်းကောင်း ပေးအပ်လှူဒါန်းသည့် ပစ္စည်းများကို ဒုတိယဥက္ကဋ္ဌ ဒေါ်သက်ရီမှ သန်လျင်မြို့နယ် ပညာရေးမှူး ဒေါ်စန်းနုသို့ ဇွန် ၁၉ ရက်က ပေးအပ်ခဲ့သည်။

၎င်းနေ့တွင်ပင် အမှတ် ၆၅၊ ရှင်စောပုလမ်း စမ်းချောင်းမြို့နယ်ရှိ Pre-Collegiate Program (Diplomatic School) မှ ကျောင်းသားကျောင်းသူ ၁၀ ဦးနှင့် Curriculum Consultants Dr. James and Dr. Dorothy Guyot တို့သည် ကရင်ဆိပ်စံပြကျေးရွာ အလယ်တန်း(ခွဲ)နှင့် အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံပြီး သင်ကြားမှုသင်ယူမှုဆိုင်ရာ အတွေ့အကြုံများကိုဆွေးနွေးခဲ့ကြပြီးလက်တွေ့ဆောင်ရွက်ခဲ့သော သင်ကြားမှု သင်ယူမှုအထောက်အကူပြု ပစ္စည်းများနှင့် စာအုပ်များအား ပေးအပ်လှူဒါန်းရာ သန်လျင်မြို့နယ် ပညာရေးမှူး ဒေါ်စန်းနုနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီအေးတို့က လက်ခံရယူကြသည်။

(က-ပ)



**၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အင်းစိန်မြို့နယ်အတွင်းရှိ သမဝါယမအသင်းများမှ ဝင်ငွေကြေညာလွှာနှင့် ဝင်ငွေခွန် ၃၅၀၈၁၂ ကျပ် ၄၀ ပြားနှင့် သမဝါယမ စာရင်းစစ်ကြေး ၂၂၂၅၂၇ ကျပ် ၇၈ ပြား စုပေါင်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၃၀ ရက်က အင်းစိန်မြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးသန်းဆွေ အမှာစကားပြောကြားစဉ်။**

(ဝ၄၆)



**ဇွန်၂၆ရက်က ရန်ကုန်တောင်ပိုင်းခရိုင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို သန်လျင်ရဲတပ်ဖွဲ့ သင်တန်းကျောင်း၌ ကျင်းပရာ ခရိုင်မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသိန်းအောင် အမှာစကားပြောကြားစဉ်။**

(ခရိုင် ပြန်/ဆက်)

# စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်း မြို့ပြစီမံကိန်းရေးဆွဲရေးစာတမ်းများ ဖတ်ကြားတင်ပြ

ရန်ကုန် ဇူလိုင် ၁

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ယမန်နေ့နံနက် ၈ နာရီတွင် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းလမ်း အမှတ် ၂၄၅ ရှိ စည်ပင်သာယာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်း ဒုတိယနေ့အစည်းအဝေးသို့ တက်ရောက် နိဂုံးချုပ်အမှာစကားပြောကြားသည်။ (ယာပုံ)**

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်၊ အထူး ဖိတ်ကြားထားသော ပညာရှင်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊တိုင်း စည်ပင်သာယာရေးအဖွဲ့များမှညွှန်ကြားရေးမှူးများနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ အမှုဆောင်အရာရှိများနှင့် တာဝန်ခံအင်ဂျင်နီယာများတက်ရောက်ကြသည်။

ရှေးဦးစွာ မြို့ပြများ၏မြို့ ပြစီမံကိန်းရေးဆွဲရေးတွင် အဓိကဖြစ်သော မြို့ပြဆိုင်ရာ အချက်အလက်များ စနစ်တကျ ပြည့်စုံစွာကောက်ယူထားရှိရေးစာတမ်း၊ ခေတ်မီကွန်ပျူတာ ဆော့ဖ်ဝဲ အသုံးပြု၍ လမ်းအန္တရာယ်ကင်းရှင်းစေမည့်ဒီဇိုင်းများ စနစ်တကျ ရေးဆွဲ အကောင်အထည်ဖော်ရေး စာတမ်း၊ဆည်မြောင်း မြစ်ချောင်းများမှရေကိုမြို့ရေပေးရေးလုပ်ငန်းအတွက် လျှပ်စစ်စွမ်းအားအသုံးပြု၍ တပ်ဆင်သော နည်းစနစ်များ ဖော်ထုတ်အသုံးပြုရေးစာတမ်း၊ အပူပိုင်းဒေသ မြေအောက်ရေအောင်းလွှာ အခြေအနေအပေါ် လေ့လာချက်စာတမ်း၊မြို့များ၌ အဆင့်မြင့် အဆောက်အအုံများ ဆောက်လုပ်ရာတွင် ကြီးကြပ်ရန်လိုအပ်ချက်များစာတမ်းနှင့် စည်ပင်သာယာရေးလုပ်ငန်းများတွင် လူ့စွမ်းအားအစား စက်စွမ်းအားကို အစားထိုးအသုံးပြုရေးစာတမ်းတို့ကို ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ဦးစားပေးဆောင်ရွက်ရမည့် စည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ပေးသည်။ ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## တိပိဋကကျောင်းတော် ဆွမ်းပဒေသာပင် ရေစက်ချပွဲ

**ရန်ကုန် ဇူလိုင် ၁**

ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိ=နိ ရန်ကုန်ဌာန၊ တိပိဋက ကျောင်းတော် အမှတ်(၁၂)စကားဝါလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် နဝမအကြိမ်ရာသက်ပန် ဆွမ်းပဒေသာပင် (၁၀၀၀)ပြည့် ရေစက်ချပွဲ အခမ်းအနားကို ဇူလိုင်၂၅ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ကျင်းပမည် ဖြစ်သည်။

ဖိတ်စာမရရှိသော်လည်း ၂၀၀၄ ခုနှစ် ဇူလိုင်၂၇ရက်ထိ ဆွမ်းပဒေသာပင် အလှူရှင်များသည် ရေစက်ချပွဲ အခမ်းအနားသို့ကြွရောက်နိုင်ပြီး ဖုန်း- ၂၂၂၂၇၇၊၂၂၂၂၇၈ နှင့်၂၂၂၂၇၉ တို့သို့ ဆက်သွယ်နိုင်ကြသည်။ **(က-ပ)**

## မြန်မာ့ရုပ်မြင်သံကြား

**၂-၇-၂၀၀၄ (သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇း၁၅ | ၂။ | တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာ ဘိဝံသ(ယောဆရာတော်) ဟောကြားတော် မူအပ်သော ဥပ္ပါတသန္တိပါဠိတော် |
| ၇း၂၅ | ၃။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၅။ | သံသာချိုအေး မင်္ဂလာတေး |
| ၇း၅၀ | ၆။ | ရိုးရာကျေးလက်ကစားနည်း |
| ၈း၀၀ | ၇။ | ကြေးမုံရိပ်သွင်တေးနယဉ် |
| ၈း၁၀ | ၈။ | အကပြိုင်ပွဲ |
| ၈း၂၀ | ၉။ | မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ် |
| ၈း၃၀ | ၁၀။ | International News |
| ၈း၄၅ | ၁၁။ | English for Everyday Use |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | တေးဂီတအစီအစဉ် |
| ၁၆း၄၀ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ) |
| ၁၆း၅၅ | ၅။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ |
| ၁၇း၁၀ | ၆။ | နည်းစနစ်မှန်မှန်အားကစားအခြေခံ |
| ၁၇း၂၀ | ၇။ | နှောင်းခေတ်တေးပဒေသာ |
| ၁၇း၃၅ | ၈။ | အပြည်ပြည်ဆိုင်ရာသမဝါယမနေ့တေးများ |
| ၁၇း၅၀ | ၉။ | မွန်ပြည်နယ်(အပိုင်း-၂) |
| ၁၈း၀၀ | ၁၀။ | Discovery |
| ၁၈း၂၀ | ၁၁။ | မူးယစ်ဆန့်ကျင်အောင်ပွဲဆင် (အပိုင်း-၂) |
| ၁၈း၃၀ | ၁၂။ | ညနေခင်းသတင်း |
| ၁၉း၀၀ | ၁၃။ | မိုးလေဝသအခြေအနေ |
| ၁၉း၀၅ | ၁၄။ | နိုင်ငံခြားဇာတ်လမ်းတွဲ "မိုးနတ်မယ်" (အပိုင်း-၃၆) |
| ၁၉း၂၅ | ၁၅။ | မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ် |
| ၁၉း၄၀ | ၁၆။ | မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ် "ရိုးရိုးယဉ်ယဉ် ဝတ်စားပြင်ဆင်တို့ပျိုစင်" |
| ၂၀း၀၀ | ၁၇။ | ပြည်တွင်းသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်းများ |
| | ၁၉။ | မိုးလေဝသအခြေအနေ |
| | ၂၀။ | **မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအငြိမ့် (အပိုင်း-၂)** ရန်ကုန်တိုင်းစစ်ဌာနချုပ် "ရွှေလမင်းအငြိမ့်" (မင်းသမီး-ခိုင်သဇင်သင်း၊ ဝါဝါခိုင်၊ လူရွှင်တော်-ဇော၊ ကျော်ထူး၊ မန်းဝင်း၊ ခင်လှိုင်) |

## တိုးတက်စည်ပင် မြို့တော်တစ်ခွင် ဆောင်းပါးပေါင်းချုပ်ထုတ်ဝေ

**ရန်ကုန် ဇူလိုင် ၁**

ရန်ကုန်မြို့တော်ကြီး ခေတ်မီလှပသာယာရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကြိုးပမ်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ သတင်းစာများတွင် ဖော်ပြခဲ့သော သတင်းထောက်သန်းဆွေ (ပန်းဘဲတန်း)၏ ဆောင်းပါးများကို စုစည်းပြီး တိုးတက်စည်ပင် မြို့တော်တစ်ခွင် အမည်ဖြင့် ဆောင်းပါးပေါင်းချုပ်စာအုပ်ကို သမီးဇောတိကစာပေ အမှတ် ၁၇၅/၃ ကန်တော်ကလေး ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

ထိုစာအုပ်တွင် သတင်းဆောင်းပါးများနှင့်အတူ ရန်ကုန်မြို့တော် စည်ပင်သာယာရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက် ဓာတ်ပုံမှတ်တမ်းများကို ဝေဝေဆာဆာဖော်ပြထားသည်။ **(သတင်းစဉ်)**




# မော်ဝင်ကြိုးဇာတ်ကားသုံးရုံအပြိုင်ရုံဝင် ပြသဆဲဇာတ်ကားများ ဆက်လက်ပြသလျက်ရှိ

**ရန်ကုန် ဇူလိုင် ၁**

ယခုသောကြာပတ်တွင် မြန်မာဇာတ်ကားသစ်**'မော်ဝင်ကြိုး'**ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့၌ အပြိုင်ရုံဝင်လာသည်။

ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)ရိုက်ကူးပြီး လူမင်း၊ ရာဇာနေဝင်း၊ ဟက်ကက်၊ ဖျိုက်၊ အိန္ဒြာကျော်ဇင်၊ တင့်တင့်ထွန်းတို့ပါဝင်သရုပ်ဆောင်ထားပြီး အနုပညာရှင်တို့၏ သဘောသဘာဝကို ပီပြင်စွာ ခံစားတင်ပြထားသည်။

ဤဇာတ်ကားတွင် အနုပညာနှင့် ပတ်သက်၍ နာကြည်းမှု၊ ကြေကွဲမှုတို့ဖြင့် ပြည့်နှက်စွာပေးဆပ်ခဲ့သော်လည်း အနုပညာရှင်တို့သည် မိမိတို့ ဝါသနာပါသည့် ခရီးလမ်း အပျောက် မခံကြပေ။ အခက်အခဲမျိုးစုံကို ရင်ဆိုင် ကျော်ဖြတ်ရင်း နားလည်မှုရှိစွာဖြင့် မိမိချစ်သော အနုပညာကို ပြည်သူအားအကောင်းဆုံး ပေးဆပ်နိုင်အောင် ကြိုးပမ်းအားထုတ်လျက်**'မော်ဝင်ကြိုး'**ဇာတ်ကားဖြင့် အနုပညာ ရှင်တို့၏ စိတ်ဓာတ်ကို ဖော်ကျုးထားပေသည်။



**မော်ဝင်ကြိုး ဇာတ် ကား မှ လူမင်း၏ သရုပ်ဆောင်ဟန်။**

ရှေ့ဆောင်၊နေပြည်တော်ရုံများတွင် ဒါရိုက်တာမိုက်တီးရိုက်ကူးပြီး လွင်မိုး၊ ရာဇာနေဝင်း၊ အိန္ဒြာကျော်ဇင်၊ စိုးမြတ်နန္ဒာတို့ပါဝင်ထားသည့် မြန်မာအမျိုးသမီးများ အတုယူမမှားစေရန် သရုပ်ဖော်ထားသော **'စတိုင်'**ဇာတ်ကားဆက်လက်အောင်ပွဲခံလျက်ရှိသည်။

## ရုပ်ရှင်သတင်းထောက်

**မြို့မရုံ**

ဒါရိုက်တာ Karam Johar ရိုက်ကူးပြီး အမီတာဘဂျမ်း၊ ရှာရွတ်ခန်း၊ ရီသစ်ရောရှမ်း၊ ကာဂျိုးလ်၊ ကရီးနားကပူးရ်၊ ရာနီးမူးကာဂျီနှင့် ဂျေရာဘာဂျမ်းတို့ပါဝင်ထားပြီး အိန္ဒိယရုပ်ရှင်လောကတွင် အကောင်းဆုံး အကယ်ဒမီလေးဆုရKabhi Khushi Kabhic Ghamဇာတ်ကား မြို့မရုံတွင် ပြသလျက်ရှိသည်။

**ရွှေဂုန်ရုံ**

ဒါရိုက်တာJohn Wooရိုက်ကူးပြီး သရုပ်ဆောင် John Travolta, Christian Slater, Samantha Mathis တို့ ပါဝင်ပြီး နျူဒုံးကျည် နှစ်စင်း ရန်သူ့လက်တွင်း မရောက်ရှိစေရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းတိုက်ခိုက်ပုံကို သရုပ်ဖော်ထားသည့် Broken Arrowအက်ရှင်ဇာတ်ကြမ်းကား ရွှေဂုန်ရုံတွင် ပြသလျက်ရှိသည်။ ။ **(မြန်မာ့အလင်း)**

## 'အမေ့နို့ဖိုး' ဇာတ်ကား မကြာမီ ရုံဝင်မည်

**အမျိုးသားရုပ်ရှင်မှ သရုပ်ဆောင် ဒါရိုက်တာ ကျော်သူရိုက်ကူးပြီး ကျော်သူ၊ထွန်းအိန္ဒြာဗို၊ မင်းမော်ကွန်း၊ ဆုပန်ထွာ၊ ချိုပြုံး၊ နှင်းဆီနှင့် ဇော်ဦးတို့ ပါဝင်သရုပ်ဆောင်ထားသော 'အမေ့နို့ဖိုး'ဇာတ်ကား မကြာမီ ရုံဝင်လာမည်ဖြစ်သည်။**

**ငွေမှန်တိုင်း၊ ဂုဏ်မှန်တိုင်း၊ ကဲ့ရဲ့ပြစ်တင်မှုမုန်တိုင်း၊ ဆင်းရဲကြေကွဲမှု မုန်တိုင်းတို့ကို သားသမီးကိုချစ်သော အချစ်တစ်ခုတည်းဖြင့် ရပ်တည်ရင်ဆိုင်ကာ ကျော်လွှားအနိုင်ယူလိုက်သော အမေ......၊ သက်ရှိထင်ရှား လူသားအားလုံးပေးဆပ်နေကြတဲ့ 'အမေ့နို့ဖိုး'ကို သရုပ်ဆောင် ဒါရိုက်တာကျော်သူက ပီပီပြင်ပြင် ခြယ်မှုန်းရိုက်ကူးထားသည်။ ။** (မြန်မာ့အလင်း)

**စတိုင် ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။**



■ *ကျောဖုံးမှ*

အိမ်ရှင်ပေါ်တူဂီအသင်းသည် ၁၉၈၄ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲနောက်ပိုင်းတွင် ပထမဆုံးအကြိမ် ဗိုလ်လုပွဲတက်ရောက်နိုင်သော အိမ်ရှင်အသင်းဖြစ်သွားသည်။

**ထိန်းကစား**

ပွဲအစပိုင်းတွင် ပေါ်တူဂီနှင့် ဟော်လန်တို့ ဂိုးမပေးရရေးအတွက် ကွင်းလယ်၌သာ အပြန်အလှန်ကစားနေ၍ ပွဲအေးသလို ဖြစ်နေသည်။ အိမ်ရှင်ပေါ်တူဂီအသင်းက ဟော်လန်ဘက်ကို တစ်ချိန်ထက်တစ်ချိန် ဖိကစားလာပြီး ဂိုးသွင်းခွင့်များလည်း ရရှိခဲ့သည်။ ဟော်လန်အသင်းက ၄-၅-၁ပုံစံဖြင့်ကစားပြီး ရှေ့တန်း၌ နစ္စတယ်ရွိုင်း တစ်ဦးတည်းကိုသာ တင်ကစားခဲ့သည်။ နစ္စတယ်ရွိုင်းထံသို့ ဘောလုံးများ ထိထိရောက်ရောက် မပေးပို့နိုင်၍ ပေါ်တူဂီဂိုးသမားကို မခြိမ်းခြောက်နိုင်ခဲ့ပေ။ ပေါ်တူဂီအသင်းက ၄-၃-၂-၁ပုံစံလူနေရာချထားပြီး ကစားခဲ့သည်။

ဟော်လန်အသင်းမှ အားထားရသည့် ရော်ဘင်ကို ပေါ်တူဂီနောက်တန်းညာအစွန်လူမီဂွဲလ်က မလှုပ်နိုင်အောင် ထိန်းချုပ်ထား၍ ဘယ်တောင်ပံ တိုက်စစ်မဆင်နိုင်ဘဲ ဖြစ်နေသည်။ ဟော်လန် အသင်းမှ အလယ်တန်းညာအစွန်လူ မက်အိုဗာမားစ် ဂိုးရှေ့သို့ အမြောက်ကန်ပို့ပေးသောဘောလုံးကို နောက်တန်းလူများနှင့် ယှဉ်ရပ်နေသည့် နစ္စတယ်ရွိုင်းပြေးထွက်သွားပြီး မနားတမ်းကန်သွင်းရာ ဂိုးဝင်သော်လည်း စည်းကြပ်ဒိုင်လူကြီးက လူကျွံအဖြစ် အလံထောင်ပြထား၍ ဂိုးမရခဲ့ချေ။

**ဦးဆောင်ဂိုးသွင်း**

ပေါ်တူဂီအသင်း အလယ်တန်းကစားကွက်ကောင်းမွန်ပြီး ဘယ်ညာတောင်ပံများမှ ထိုးဖောက်ကစားနေ၍ ဟော်လန်နောက်တန်းမနားတမ်းဖျက်ထုတ်နေရသည်။ ပေါ်တူဂီမှ ခရစ္စတီယာနိုရော်နယ်ဒိုကို ကွင်းလယ်ဗဟိုမှ ထိုးဖောက်ကစားစေခဲ့၍ ဟော်လန်နောက်တန်းထိန်းရခက်ပြီး တိုက်စစ်ကို ပံ့ပိုးနိုင်မှုအားနည်းသွားခဲ့သည်။ ပေါ်တူဂီအသင်းအတွက် ပထမဂိုးကို ပွဲချိန် ၂၆မိနစ်တွင် ဘယ်ထောင့်ကန်ဘောမှတစ်ဆင့် ဒေကိုအမြောက်ကန်ပို့ပေးသည့် ဘောလုံးကိုခရစ္စတီယာနိုရော်နယ်ဒိုက ခေါင်းတိုက်သွင်းယူခဲ့သည်။ ရော်နယ်ဒိုသည် ဂိုးသွင်းပြီးနောက် အင်္ကျီချွတ်၍ အောင်ပွဲခံရာ ဆွစ်ဇာလန်ဒိုင်လူကြီးက အဝါကတ်ပြခဲ့သည်။

**ပေါ်တူဂီခြေသာ**

ပေါ်တူဂီနှင့် ဟော်လန်တို့ ခြေရည်တူအသင်းများဖြစ်၍ အကြိတ်အနယ်ဖြစ်မည်ဟု ထင်မှတ်ထားခဲ့ကြသော်လည်း ဟော်လန်အသင်းမှ ကစားသမားများ ပေါ်တူဂီကို မယှဉ်နိုင်ဘဲ ဖြစ်ခဲ့ရသည်။ ပေါ်တူဂီအသင်းက ဦးဆောင်ဂိုးသွင်းယူနိုင်ပြီးနောက် အဆက်မပြတ်ထိုးဖောက်ကစားရာ ဟော်လန်နောက်တန်းအလူးအလဲဖျက်ထုတ်နေရသည်။

ပေါ်တူဂီမှ လူးဝစ္စဖီဂိုကန်သွင်းသော ဘောလုံးမှာ ကန်ချက်ကောင်းပြီးဂိုးဝင်နိုင်သည့်အနေအထားဖြစ်သော်လည်း တိုင်ထိပြီးထွက်သွား၍ ဟော်လန်တို့ သက်သာသွားခဲ့ခြင်းဖြစ်သည်။ ပေါ်တူဂီ တိုက်စစ်မှူး ပေါလက်တာနောက်တန်း လူများကြားမှ တစ်ဦးတည်း ဘောလုံးဆွဲယူသွားကာ ဂိုးသမားနှင့် တစ်ဦးချင်း ရင်ဆိုင်တွေ့ပြီး ကန်သွင်းရာ ဟော်လန်ဂိုးသမား ဗန်ဒါဆား ဖမ်းမိသွားသည်။

ဟော်လန်အသင်း ထိုးဖောက်လာပြီးအသင်းခေါင်းဆောင် ကိုကူးဂိုးရှေ့သို့ ဖြတ်ပေးသည့် ဘောလုံးကို မတ်အိုဗာမားစ်က မြေမကျ ကန်သွင်းရာ ဂိုးပေါက်လွဲသွား၍ တစ်ဂိုးနစ်နာခဲ့ရသည်။

**ဒုတိယဂိုး**

ဒုတိယပိုင်းတွင် ပေါ်တူဂီတို့ ကစားအားမချဘဲ တိုက်စစ်ဆင်ကစားရာ ဒုတိယဂိုးရရှိခဲ့သည်။ ပွဲချိန် ၅၈ မိနစ်တွင် ပေါ်တူဂီအသင်းထောင့်ကန်ဘောရရှိရာ ရော်နယ်ဒိုက ဂိုးရှေ့သို့ တိုက်ရိုက်မတင်ဘဲအနီးမှ မန်နစ်ချ်ကို ထိုးပေးရာ အလယ်တန်းလူမန်နစ်ချ်က တစ်ချက် ဆွဲယူသွားပြီး ဂိုးထဲသို့ တိုက်ရိုက် ကန်သွင်းရာ ဟော်လန်ဂိုးသမား ဗန်ဒါဆားမကာကွယ်နိုင်ဘဲ ဂိုးတိုင်ထိပြီး ဂိုးဝင်သွားခဲ့သည်။

ဒုတိယပိုင်းတွင်ဟော်လန်အသင်းက အိုဗာမားစ်အစား ရွိုင်းမက်ကေး၊ ရော်ဘင်အစား ဗန်ဟူးဒွန့်၊ ဘောမားအစားဗန်ဒါဗတ်တို့ကို လူစားလဲကစားခဲ့သည်။ ဟော်လန်တိုက်စစ်မှူး နစ္စတယ်ရွိုင်းသည် ဘောလုံးရမှသာ ကစားနေပြီး ပေါ်တူဂီနောက်တန်း၏ ထိန်းချုပ်ကစားမှုကို ခံနေရသောကြောင့် ခြေစွမ်းမပြနိုင်ခဲ့ပေ။ ဟော်လန်အသင်းက နှစ်ဂိုးအသွင်းခံရပြီးနောက် ကစားအားတင်ခဲ့သော်လည်း အလယ်တန်းမှ အဂ္ဂါဒေးဗစ်နှင့် ဆီးဒေါ့ဖ်တို့ကြံ့ခိုင်မှုကျဆင်းနေကာ ပေါ်တူဂီနောက်တန်းကို မခြိမ်းခြောက်နိုင်ခဲ့ပေ။

**လက်ဆောင်ဂိုး**

ဟော်လန်အသင်းအတွက်တစ်လုံးတည်းသော နှစ်သိမ့်ဂိုးကို ပေါ်တူဂီအသင်းက လက်ဆောင်ပေးခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၆၃မိနစ်တွင် ဟော်လန်အသင်းထိုးဖောက်လာရင်း ဘယ်တောင်ပံမှ ဗန်ဘရွန်ခရော့စ်ဖြတ်တင်ပေးသည့်ဘောလုံးကို ပေါ်တူဂီနောက်တန်းလူ အင်ဒရာဒီက ခြေဦးဖြင့်ဖျက်ထုတ်ရာဂိုးသမားရီကာဒိုကို ကျော်ပြီး ဂိုးဝင်သွား၍ ဟော်လန်ချေပဂိုး တစ်ဂိုးရရှိသွားသည်။ ဟော်လန်အသင်း မျှော်လင့်ချက်ရောင်ခြည်ပျပျ လေးမြင်လာရသဖြင့် စိတ်အားတက်ပြီး တိုက်စစ်ဆင်ကစားသော်လည်း ပေါ်တူဂီအသင်းက တစ်သင်းလုံးအားထည့်ကစားနိုင်၍ အရာမထင်ခဲ့ပေ။

**စကိုလာရီ**

လူစားလဲရာတွင် ဆရာတစ်ဆူဖြစ်သော ပေါ်တူဂီနည်းပြ စကိုလာရီသည် ဟော်လန်အသင်းက ချေပဂိုးထပ်မံရရှိရေးတစ်သင်းလုံးတက်၍ တင်ကစားလာချိန်တွင် ရော်နယ်ဒိုအစားပီတစ်၊ မန်နစ်ချ်အစား ကူတို၊ ပေါလက်တာအစား နူနိုဂိုမက်စ်တို့ကို လူစားလဲကာ တိုက်စစ်အားပြန်လည်မြှင့်တင်ခဲ့သည်။

ပေါ်တူဂီအသင်းက လူစားလဲပြီးနောက် ဟော်လန်အသင်းကို တန်ပြန်တိုက်စစ်မှ တစ်ဆင့် ကစားသွားသည်။ ပွဲပြီးခါနီးတွင် ပေါ်တူဂီအလယ်တန်းလူဒေကို တန်ပြန်တိုက်စစ်မှတစ်ဆင့် ဂိုးသွင်းခွင့်ရသော်လည်း ဟော်လန်ဂိုးသမားဗန်ဒါဆားကာကွယ်နိုင်ခဲ့၍ သက်သာသွားခဲ့ခြင်းဖြစ်သည်။

**ဟော်လန်အိမ်ပြန်**

ပွဲပြီးခါနီး ထိခိုက်ဒဏ်ရာရရှိမှုများအတွက် အားဖြည့်ပေးသည့် အချိန်ပိုလေးမိနစ်အတွင်း ပေါ်တူဂီပရိသတ်များ ရင်တထိတ်ထိတ်ဖြင့် စောင့်စားကြည့်ရှုခဲ့ရပြီး ပွဲသိမ်းခရာသံ ပေါ်ထွက်လာမှ တစ်ကွင်းလုံးပျော်ရွှင်စွာအောင်ပွဲခံနိုင် ခဲ့ကြသည်။ ဟော်လန်အသင်းသည် ပုံမှန်ခြေစွမ်းမရ၍ ပေါ်တူဂီအသင်းကို မယှဉ်နိုင်ဘဲဖြစ်ခဲ့ရသည်။

ပေါ်တူဂီအသင်းသည် ဟော်လန်အသင်းကိုခက်ခက်ခဲခဲကစားပြီးအချိန်ပို၊ ပယ်နယ်တီတို့ဖြင့် အဆုံးအဖြတ်ယူရဖွယ်ရှိသည်ဟု ထင်မှတ်ခဲ့သော်လည်း ဟော်လန်အသင်းခြေပျက်ပြီး ကစားအား၌မယှဉ်နိုင်ခဲ့ပေ။ ဟော်လန်ဘောလုံးသမားအများစု အသက်ကြီးသူများဖြစ်နေ၍ ပွဲဆက်များလာသည့်အခါ လူငယ်အများစု ပါဝင်သည့် ပေါ်တူဂီအသင်းကို ကစားအားချင်း မယှဉ်နိုင်၍ ရှုံးခဲ့ခြင်းဖြစ်သည်။

ဟော်လန်အသင်းသည် ယူရို၂၀၀၀ ပြိုင်ပွဲတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့စဉ်က ဆီမီးဖိုင်နယ်အဆင့်မှပင် ကျေနပ်ခဲ့ရသလိုဆီမီးဖိုင်နယ်အဆင့်မှပင် အိမ်ပြန် ခဲ့ရသည်။ ပေါ်တူဂီအသင်းမှ သွင်းယူသော သေချာပေါက်ဂိုးများ ဝင်ခဲ့လျှင် ယခုထက်ပို၍ ဂိုးပြတ်ရှုံးသွားဖွယ်ရှိပေသည်။ ။

**(မြန်မာ့အလင်း)**



**အိမ်ရှင်ပေါ်တူဂီနှင့် ဟော်လန်တို့၏ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ဟော်လန်အသင်းအတွက် တစ်လုံးတည်းသောချေပဂိုးကို ပေါ်တူဂီ နောက်တန်းလူ အင်ဒရာဒီက ဖျက်ထုတ်ရင်း ကိုယ့်ဂိုးကိုယ် သွင်းမိခဲ့ရာ ဂိုးသမား ရီကာဒိုကို ကျော်၍ ဤသို့ဂိုးဝင်သွားခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)**

# အဆင့်မြင့်တန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ကာကွယ်ရေးဝန်ကြီးဌာနနှင့်ကမ္ဘောဇ ကွာတားတက်ပြီ

ရန်ကုန် ဇူလိုင် ၁

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ အုပ်စု(ခ)မှ ကမ္ဘောဇအသင်းက လယ်ယာ/ဆည်မြောင်းအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။**

ယခုနှစ် ဘောလုံးရာသီမှ အဆင့်မြင့်တန်းသို့ တက်ရောက်ပြီး တံခွန်အသင်းမှ ဘောလုံးသမားများနှင့် အင်အားဖြည့်တင်းထားသည့် ကမ္ဘောဇအသင်းက အဆင့်မြင့်တန်းမှ သမ္မာရင့်ဝါရင့် လယ်ယာ/ဆည်မြောင်းအသင်းကို ပထမပိုင်းမှာပင် လေးဂိုးသွင်းယူပြီး ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဇအသင်းအတွက် ပထမဂိုးကို ၂၄ မိနစ်တွင် ထွန်းမင်းဦး၊ ဒုတိယဂိုးကို ၃၁ မိနစ်တွင် ထွန်းမင်းဦး၊ တတိယဂိုးကို ၄၁ မိနစ်တွင် အောင်ဆန်းဦး၊ စတုတ္ထဂိုးကို ၄၅ မိနစ်တွင် အောင်ဆန်းဦးတို့က သွင်းယူပေးသည်။ လယ်ယာ/ဆည်မြောင်းအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ၆၂ မိနစ်တွင် စည်သူမောင်က သွင်းယူပေးသည်။

**ကာကွယ်ရေးနိုင်**

အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပတ္တမြားနဂါးအသင်းပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ကာကွယ်ရေးဝန်ကြီးဌာနအသင်းအတွက် ပထမဂိုးကို ပွဲချိန် ၂၈မိနစ်တွင် ကျော်ကိုကိုလွင်က သွင်းယူပေးသည်။ ဒုတိယဂိုးကို ပွဲချိန် မိနစ် ၄၀တွင် ထွန်းမင်းနိုင်က ခေါင်းတိုက်သွင်းယူပေးသည်။ ပတ္တမြားနဂါးအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ပွဲချိန် ၅၆ မိနစ်တွင် လှအေးထွေးက သွင်းယူသည်။

**အုပ်စု(ခ)**

အုပ်စု(ခ)ပွဲစဉ်များပြီးဆုံးသွားပြီဖြစ်ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး (၆)မှတ်ဖြင့် အုပ်စု ပထမရရှိသွားသည်။ ကမ္ဘောဇအသင်းနှင့် ပတ္တမြားနဂါးအသင်းတို့ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး(၄)မှတ်စီတူညီနေသော်လည်း သွင်းဂိုးအသာဖြင့် ကမ္ဘောဇအသင်း အုပ်စုဒုတိယရရှိသည်။

လယ်ယာ/ဆည်မြောင်းအသင်းက တစ်ပွဲနိုင်၊နှစ်ပွဲရှုံး(၃) မှတ်ရရှိသည်။

အုပ်စု(ခ)မှ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ကမ္ဘောဇအသင်းတို့ ကွာတားဖိုင်နယ် တက်ရောက်သွားပြီး ပတ္တမြား နဂါးအသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်းတို့ အုပ်စုမှ ထွက်သွားရသည်။

**ယနေ့ပွဲ**

ဇူလိုင် ၂ရက် (ယနေ့) ညနေ ၃နာရီခွဲတွင် အုပ်စု(ဂ)ပွဲစဉ်များကို ဆက်လက်ကျင်းပမည်ဖြစ်ရာ လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် ပို့ဆောင်ရေးအသင်း၊ အောင်ဆန်းအားကစားပြိုင်ကွင်း၌ သစ်တောရေးရာအသင်းနှင့် လယ်ယာထွက်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

## အုပ်စု(ခ)ရပ်တည်မှုအနေအထား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | သွင်း | ပေး | ရမှတ် |
|---|---|---|---|---|---|---|---|---|
| ၁ | ကာကွယ်ရေး ဝန်ကြီးဌာန | ၃ | ၂ | - | ၁ | ၇ | ၆ | ၆ |
| ၂ | ကမ္ဘောဇ | ၃ | ၁ | ၁ | ၁ | ၇ | ၆ | ၄ |
| ၃ | ပတ္တမြားနဂါး | ၃ | ၁ | ၁ | ၁ | ၆ | ၅ | ၄ |
| ၄ | လယ်/ဆည် | ၃ | ၁ | - | ၂ | ၆ | ၉ | ၃ |

# အမျိုးသားအလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲ လယ်ယာ/ ဆည်မြောင်း၊ ပြည်ထဲရေးတို့ဗိုလ်လုပွဲဆင်နွှဲကြမည်

**ရန်ကုန် ဇူလိုင် ၁**

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ကြီးမှူး၍ ILBC က တာဝန်ယူကျင်းပသည့် အိုလံပစ်နေ့အထိမ်းအမှတ် ILBC Cup အမျိုးသား (အလွတ်တန်း)ပိုက်ကျော်ခြင်းပြိုင်ပွဲ အကြိုဗိုလ်လုပွဲများကို လှူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် လေ့ကျင့်ရေးရုံတွင် ကျင်းပရာ ပထမတန်းအကြိုဗိုလ်လုပွဲ ပထမပွဲတွင် လယ်/ဆည်(က)က တပ်မတော်ရေ(က)အသင်းကို နှစ်ပွဲ-ပွဲမရှိဖြင့်လည်းကောင်း၊ လယ်/ဆည်(ခ)က မုံရွာ(၁)ကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

**ဗိုလ်လုပွဲ**

ဒုတိယတန်းဗိုလ်လုပွဲတွင် ပြည်ထဲရေး(က)အသင်းနှင့် (ခ)အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဇူလိုင် ၂ ရက် နံနက် ၈ နာရီမှစ၍ တတိယလုပွဲနှင့် ဗိုလ်လုပွဲများကို ကျင်းပပြီး ဆုပေးပွဲများ ကျင်းပမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

**ILBC Cup အမျိုးသားအလွတ်တန်း ပိုက်ကျော်ခြင်း အကြိုဗိုလ်လုပွဲ ပထမတန်း ပြိုင်ပွဲတွင် လယ် / ဆည် (က)အသင်းနှင့် တပ်မတော်ရေ (က)အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်စဉ်။ [အဆိုပါပွဲတွင် လယ် / ဆည် (က) အသင်းက နှစ်ပွဲပြတ်ဖြင့် အနိုင် ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။] (မြန်မာ့အလင်း)**



# ဒုတိယတန်းနှင့်တတိယတန်းကွင်းပိတ်ဘောလုံးပြိုင်ပွဲ စီးပွား/ ကူးသန်း(ခ)က ငွေကြယ်ပွင့်လေးများကိုအနိုင်ရ

**ရန်ကုန် ဇူလိုင် ၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ ဒုတိယတန်းနှင့်တတိယတန်းကွင်းပိတ်(ရှုံးထွက်) ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီ ခွဲတွင် ဒဂုံမြို့သစ်တောင်ပိုင်း အားကစားကွင်း၌ ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်း(ခ)အသင်းက ငွေကြယ်ပွင့်လေးများအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပထမပိုင်းတွင် စီးပွား/ကူးသန်း(ခ)အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် တစ်ဂိုးစီထပ်မံ သွင်းယူကြသဖြင့် ပွဲအပြီးတွင် စီးပွား/ကူးသန်း(ခ)က လေးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိသွားခြင်းဖြစ်သည်။ စီးပွား/ကူးသန်း(ခ)အသင်းအတွက် အနိုင်ဂိုးများကို ရာဇာဝင်းသိန်း၊ လတ်ကိုကိုအေး၊ အောင်မျိုးမြတ်နှင့် စောဒိုစိုးတို့က တစ်ဂိုးစီ သွင်းယူပေးသည်။

စီးပွား/ကူးသန်း(ခ)အသင်းသည် ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်အဖြစ် ဇူလိုင် ၁၀ ရက်တွင် ရဲမွန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# ၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ် လှုပ်ရှားမှုအခမ်းအနားများ မြန်မာနိုင်ငံတစ်ဝန်းကျင်းပ

**သတင်းဆောင်းပါး-အထက်မင်းလှညွန့်အောင်**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



**၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကျင်းပရေးဗဟိုအဆင့်ဦးစီးကော်မတီ ဥက္ကဋ္ဌ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်းက အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကျင်းပရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားစဉ်။**

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

**ရန်ကုန် ဇူလိုင် ၁**

သမဝါယမဆိုသည်မှာ ဆန္ဒအလျောက် ပူးပေါင်းကြသူတို့က မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်နှင့် လိုအင်ဆန္ဒများ ဖြည့်ဆည်းရန်အလို့ငှာ ပူးပေါင်းပိုင်ဆိုင်ပြီး အများဆန္ဒနှင့်အညီ ကိုယ်တိုင်စီမံခန့်ခွဲဆောင်ရွက်သည့် စီးပွားရေးအဖွဲ့အစည်း ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်ကို ၁၈၉၅ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၌ ဖွဲ့စည်းခဲ့ပြီး ယခုအခါ အဖွဲ့ဝင်နိုင်ငံပေါင်း၉၄နိုင်ငံမှ အဖွဲ့ဝင်အဖွဲ့အစည်း ၂၃၄ဖွဲ့နှင့် အသင်းသား သန်း၈၀၀ကျော် ရှိသည်။

မြန်မာနိုင်ငံ ဗဟိုသမဝါယမအသင်းက ၁၉၉၃ခုနှစ် စက်တင်ဘာလ ၇ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်တွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့သည်။

၂၀၀၄ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားများကို မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့ကြီးများတွင် စည်စည်ကားကား ခမ်းခမ်းနားနား ကျင်းပတော့မည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားများ ကျင်းပရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ပြည်သူများသိရှိနိုင်စေရန် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ကျင်းပရေးဗဟိုအဆင့် ဦးစီးကော်မတီနှင့် မြန်မာ့အလင်းက သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။

ရှေးဦးစွာ ၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါမယနေ့ ကျင်းပရေးဗဟိုအဆင့် ဦးစီးကော်မတီဥက္ကဋ္ဌ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်းက "၁၉၉၄ခုနှစ် (၄၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံကြီးက နှစ်စဉ်ဇူလိုင်လပထမပတ်ရဲ့ စနေနေ့ကို အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။ ၁၉၉၅ခုနှစ်ကစပြီး အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားများကို ကျင်းပခဲ့တာ ဒီနှစ်မှာဆိုရင် (၁၀)ကြိမ်ရှိပြီ ဖြစ်ပါတယ်။

ရန်ကုန်မြို့တော်အပါအဝင် နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများမှာ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အထိမ်းအမှတ် ရက်သတ္တပတ်ဈေးရောင်းပွဲ၊ သွေးလှူဒါန်းပွဲ၊ ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲ၊ သစ်ပင်စိုက်ပျိုးပွဲ၊ သမဝါယမအသင်းများရဲ့ ဝင်ငွေခွန် စုပေါင်းပေးအပ်ပွဲ၊ စာရင်းစစ်ကြေး စုပေါင်းပေးအပ်ပွဲ၊ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ အစုပေါ်အမြတ်ငွေနှင့် ကုန်ဝယ်ပေါ် ပြန်အမ်းငွေ ထုတ်ပေးခြင်းစတဲ့ လှုပ်ရှားမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်"ဟူ၍ ပြောပြသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ကျင်းပရေးဗဟိုအဆင့် ဦးစီးကော်မတီ အတွင်းရေးမှူး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုက "မြန်မာနိုင်ငံအနေနဲ့ အာရှ-ပစိဖိတ်ဒေသအတွင်းရှိ သမဝါယမလှုပ်ရှားမှုများမှာလဲ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေနဲ့ စဉ်ဆက်မပြတ်ပါဝင်လှုပ်ရှားဆောင်ရွက်လျက်ရှိပါတယ်။ နှစ်နှစ်တစ်ကြိမ်ကျင်းပမြဲဖြစ်တဲ့ အာရှ-ပစိဖိတ်ဒေသ သမဝါယမဝန်ကြီးများ ညီလာခံများကိုလဲ တက်ရောက်ပြီး သမဝါယမရေးရာ ကိစ္စများကို နီးနှောဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံဟာ အာဆီယံနိုင်ငံများရဲ့ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ရဲ့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ အဆိုပါ ဘုတ်အဖွဲ့ရဲ့ ပြီးခဲ့တဲ့ နှစ်နှစ်သက်တမ်းကာလမှာ မြန်မာနိုင်ငံသမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဟာ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ပါတယ်။

(၁၁)ကြိမ်မြောက် အာဆီယံနိုင်ငံများရဲ့ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ အစည်းအဝေးနဲ့ (၆)ကြိမ်မြောက် အာဆီယံနိုင်ငံများရဲ့ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများရဲ့ လုပ်ငန်းကော်မတီအစည်းအဝေးကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့မှာ ၂၀၀၄ခုနှစ် ဇွန်လ ၁၅ရက်နေ့မှ ၁၇ ရက်အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြပြီး အာဆီယံဒေသနိုင်ငံများရဲ့ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်"ဟူ၍ ရှင်းလင်းပြောကြားပါသည်။



**၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကျင်းပရေးဗဟိုအဆင့်ဦးစီးကော်မတီ အတွင်းရေးမှူး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုက အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကျင်းပရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။**

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

မြန်မာ့သမဝါယမ မျှော်မှန်းချက်သည် "နိုင်ငံတော်၏ အမျိုးသား လူမှုရေး၊ စီးပွားရေးတည်ဆောက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်နှင့် ညီညွတ်မျှတသည့် လူမှုစီးပွားတည်ဆောက်မှု သမဝါယမ ရုပ်ပုံလွှာကို ထိန်းသိမ်းကာကွယ်ရင်း ဖွံ့ဖြိုးတိုးတက်စေရန်" ဖြစ်သည်။

သမဝါယမများသည် လူသားများ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးကို ဦးတည်၍-

- **သမဝါယမ အတွေးအခေါ်၊ ကျင့်ဝတ်နှင့် အခြေခံမူများကို လိုက်နာဆောင်ရွက်ရန်၊**
- **သမဝါယမအသင်းများသည် ခေတ်မီသော အသိရှိရေး၊ တိုးတက်သောအတတ်ပညာတတ်မြောက်ရေးနှင့် အဆင့်မြင့်သော နည်းပညာများကိုသိရှိနေအောင် အားထုတ်ဆောင်ရွက်ရန်၊**
- **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင် ရွက်ရာတွင် သမဝါယမ နည်းလမ်းများအရ တစ်တပ်တစ်အား ပါဝင်ကြိုးပမ်းဆောင်ရွက်ရန်** ဟူသော ရည်မှန်းချက်များကို တာဝန်ယူဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

သမဝါယမများသည် ကိုယ့်အားကိုယ်ကိုးခြင်း၊ ကိုယ်တိုင် တာဝန်ယူဆောင်ရွက်ခြင်း၊ အများဆန္ဒနှင့်အညီ စီမံခန့်ခွဲခြင်း၊ တန်းတူညီမျှခြင်း၊ တရားမျှတခြင်း၊ စည်းလုံးညီညွတ်ခြင်းဟူသော အနှစ်သာရများနှင့်အညီ ရိုးသားခြင်း၊ ပွင့်လင်းခြင်း၊ လူမှုရေးစိတ်ဓာတ်ရှိခြင်း၊ အများအကျိုးကို အလေးထားခြင်းဟူသည့် ကျင့်ဝတ်များကိုလည်း လက်ကိုင်ထားသည်။

အင်္ဂလန်နိုင်ငံ ရော့ခ်ဒေးလ်မြို့မှ စက်ရုံအလုပ်သမား ၂၈ဦးက ၁၈၄၄ ခုနှစ်တွင် သမဝါယမအရောင်းဆိုင်ကလေး တည်ထောင်ခဲ့ရာမှ သမဝါယမ၏ အောင်မြင်မှုသည် ကျယ်ပြန့်လာပြီး ကမ္ဘာအရပ်ရပ်သို့ ထိုးဖောက်ဝင်ရောက်ကာ ကမ္ဘာ့ပြည်သူများ၏ လိုအပ်ချက်များ၊အခက်အခဲများကို နည်းလမ်းမျိုးစုံ၊ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဆောင်ရွက်ပေးနေသည့် လူမှုစီးပွားအဖွဲ့အစည်းကြီး အဖြစ် ရပ်တည်လာခဲ့သည်။

မြန်မာနိုင်ငံ၏သမဝါယမလှုပ်ရှားမှုသည် ၁၉၀၅ခုနှစ်တွင် စစ်ကိုင်းခရိုင် မြင်းမူမြို့ မြင်းမူငွေစုငွေချေးသမဝါယမအသင်းက စတင်ခဲ့ကြောင်း တွေ့ရသည်။

ယခုအခါ မြန်မာနိုင်ငံတွင် ဗဟိုသမဝါယမအသင်း တစ်သင်း၊ သမဝါယမ အသင်းစုချုပ် ၂၀၊ သမဝါယမအသင်းစု ၆၁၂သင်း၊ အခြေခံသမဝါယမအသင်း ၁၇၂၅၄သင်း စုစုပေါင်း ၁၇၈၈၇သင်း ရှိသည်။

သမဝါယမသည် လူ့လောက၏ကောင်းကျိုးများကို ဆောင်ရွက်လာခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

၂၀၀၄ခုနှစ် ဇူလိုင်လ ၃ရက်(စနေနေ့)တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ်အခမ်းအနားများကို နိုင်ငံတစ်ဝန်းလုံး၌ အစဉ်အလာမပျက် စည်စည်ကားကား ခမ်းခမ်းနားနား ကျင်းပလျက်ရှိပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**






**အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇွန် ၂၈ရက်က လမ်းမတော်မြို့နယ် သမဝါယမအသင်းများ၏ ဝင်ငွေခွန်နှင့် စာရင်းစစ်ကြေးစုပေါင်းပေးအပ်ပွဲတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးလှမြင့်က မြို့နယ်အခွန်ဦးစီးမှူး ဦးမောင်မောင်အုန်းသို့ အသင်း၏ဝင်ငွေခွန်များကို စုပေါင်းပေးအပ်စဉ်။ (က-ပ)**

**ဇွန် ၂၇ရက်က အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် "ရက်သတ္တပတ်အထူးဈေးရောင်းပွဲ"ကို ရန်ကုန်အနောက်ပိုင်းခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းနှင့် ရန်ကုန်တောင်ပိုင်းခရိုင်အစိုးရဝန်ထမ်းပေါင်းစုံသမဝါယမအသင်း သိမ်ကြီးဈေး (စီရုံ) မြေညီထပ်တို့၌ ကြီးမှူးကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် အစိုးရဝန်ထမ်းပေါင်းစုံသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် ရန်ကုန်တောင်ပိုင်းခရိုင် အစိုးရ ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)**





# နာယကနှင့် ဝိနည်းဓိုရ်ဆင့်ပွားသင်တန်းပို့ချပွဲ ပြည်မြို့ မဟာသုခဇောတိကကျောင်းတော်၌ကျင်းပ

ပြည် ဇွန် ၂၈

**ပဲခူးတိုင်း(အနောက်ပိုင်း) ၁၄ မြို့နယ် နာယကသင်တန်းနှင့် ဝိနည်းဓိုရ် ဆင့်ပွားသင်တန်းပို့ချပွဲ အခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၇နာရီက ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် မဟာသုခဇောတိက(သုံးထပ်) ကျောင်းတော်အလယ်ထပ်တွင် ကျင်းပသည်။**

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌဆရာတော်၊ ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ် ကျောင်းတိုက် ပဓာန နာယက ဆရာတော် (အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တ ကုဏ္ဍလ ဇောတိက အဖွင့်ဩဝါဒကထာမြွက်ကြားတော်မူသည်။ ထို့နောက် သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းအား ဆက်လက်ပို့ချရာ သံဃနာယကအဖွဲ့တွဲဖက် အကျိုးတော်ဆောင်၊ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ သူရဓဇက ဝိနိစ္ဆယဆိုင်ရာများကိုလည်းကောင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဇီးကုန်းမြို့ ပစ္ဆိမာရုံဘုရားကြီးကျောင်းတိုက်မှ ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တ သေဋ္ဌိလက သံဃာ့အဖွဲ့အစည်းဆိုင်ရာများကို လည်းကောင်း၊ ပဲခူးတိုင်း သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တဝေပုလ္လကညွန်ကြားလွှာနှင့် အထွေထွေဆိုင်ရာများကိုလည်းကောင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)တိုင်း သာသနာရေးဦးစီးအရာရှိဦးဝင်းသိန်းက အထွေထွေဆိုင်ရာများကိုလည်းကောင်း အသီးသီး ပို့ချကြသည်။ **(၄၀၃)**

# ၂၀၀၄ခုနှစ်မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု မော်လမြိုင်ဆေးရုံကြီးပတ်ဝန်းကျင်သစ်ပင်စိုက်ပျိုး

မော်လမြိုင် ဇွန် ၂၉

**မွန်ပြည်နယ်အမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့က ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇွန် ၂၅ ရက်က မော်လမြိုင်မြို့နယ် အထွေထွေရောဂါကုဆေးရုံကြီးရှေ့ပတ်ဝန်းကျင်တစ်ဝိုက်တွင် သစ်ပင်စိုက်ပျိုးပွဲကျင်းပသည်။**

သစ်ပင်စိုက်ပျိုးပွဲသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ မွန်ပြည်နယ်အမျိုးသမီးရေးရာ လုပ်ငန်းအဖွဲ့ နာယက ဒေါ်သန်းသန်းနွဲ့၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ သူနာပြုများနှင့်တာဝန်ရှိ သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မွန်ပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာန ချုပ်တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်နှင့် မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်သန်းသန်းနွဲ့တို့က သစ်ပင် များစိုက်ပျိုးပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ သစ်ပင်စိုက်ပျိုးပွဲတွင် သီဟိုဠ်၊ သံပရာ၊ သဘော်၊ မဟော်ဂနီ၊ ခရေပင် အပါ အဝင် စုစုပေါင်းအပင် ၇၀၀စိုက်ပျိုးပေးကြသည်။ ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်နှင့်အဖွဲ့က သစ်ပင်စိုက်ပျိုးကြသည့် နေရာများ ကိုလိုက်လံကြည့်ရှုကြသည်။ **(၁၆၈)**



**မကွေးမြို့ နယ်မြေခံ ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက မကွေးမြို့ နတ်မောက်လမ်းဘေးဝဲယာ ရေမြောင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိဦးဇော်ဝင်း ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်၊ ကြက်ခြေနီနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်းဆယ်ယူ တူးဖော်မှုကို ကြည့်ရှုစစ်ဆေးကြစဉ်။** (က-ပ)



**လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သန့်ရှင်းရေး ဝန်ထမ်းများမိုးတွင်းကာလ လမ်းဘေးဝဲ/ယာ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ပန်းအလှပင်များ ပြုစုပျိုးထောင်ခြင်း လုပ်ငန်းကို ဇွန် ၃ ရက်က စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိဦးမျိုးနိုင်အောင်နှင့် ဒုတိယဦးစီးမှူးဦးနေမျိုးနိုင်တို့ ကွင်းဆင်းဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

# မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး မိုင်းဖြတ်၌လုပ်ငန်းညှိနှိုင်းအစည်းအဝေး

**မိုင်းဖြတ် ဇွန် ၂၃**

မိုင်းဖြတ်ခရိုင်အတွင်း မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ဇွန် ၁၉ရက်က မိုင်းဖြတ်မြို့နယ်ခန်းမဆောင်၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မိုင်းဖြတ်မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်၊ မိုင်းယောင်းမြို့နယ် ဥက္ကဋ္ဌ ဦးကျော်ဇင်တို့က အဖွဲ့အလိုက် ၂၀၀၃-၂၀၀၄ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း၊ ခရိုင်မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌရဲမှူးခင်မောင်အေးက တားဆီးကာကွယ်ရေး လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း အသီးသီးတင်ပြဆွေးနွေးကြသည်။ ထို့နောက်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်က အမှာစကားပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

# ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး ဇွန် ၂**

မန္တလေး ရတနာပုံဈေးအပေါ်ထပ် မန္တလေးဓာတ်ပုံအသင်း၏ လပတ် တံခွန်စိုက်၊ ပြင်ဦးလွင်စံပြ မယ်အလှ၊ ဓာတ်ပုံပြိုင်ပွဲ ဆုရွေးချယ် ဆုချီးမြှင့်ပွဲကို မေ ၃၁ရက်က အဆိုပါ အသင်းရုံးခန်းတွင် ပြုလုပ်သည်။

အဆိုပါ စံပြအလှဓာတ်ပုံပြိုင်ပွဲတွင် အကြီးတန်း၊ ပထမ-ဦးကျော် (လယ်ဝေး)၊ ဒုတိယဇော်(မန်းတက္ကသိုလ်)၊ တတိယ-ဥာဏ်လင်း(သတ္တဗေဒ)နှင့် နှစ်သိမ့်ဆု(သုံးဆု)၊ အငယ်တန်းပြိုင်ပွဲ တွင် ပထမအောင်ဘိုဘိုလွင်၊ ဒုတိယ ဇော်မင်းနိုင်၊ တတိယဇော်ပိုင် (နယူး အာရှ)နှင့် နှစ်သိမ့်ဆု(သုံးဆု) ရွေးချယ် ပေးကြသည်။

ဒိုင်ချုပ်သိန်းဌေးမောင်၊ ဒိုင်လူကြီး များအဖြစ် ဦးကျော်မောင်(တွင်ခုံ)၊ ဦးကျော်အောင်(ပေါက်ခေါင်း)၊ ဦးတင်ဝင်း (ဘူမိ)တို့က ဆောင်ရွက်ပေးပြီး ဆုရရှိသူများကို အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြကြောင်း သိရသည်။ **(၁၆၂)**





**သိန်နီမြို့ သာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဇွန် ၇ရက်က လမ်းမတော်လမ်းရှိ ပန်းခုံတွင် ပန်းရောင်စုံများ စိုက်ပျိုးပြီးစီးမှုအခြေအနေကို အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးဇေယျာဝင်းတို့က ကြည့်ရှုစစ်ဆေးကြစဉ်။** (မြို့နယ်စည်ပင်)

# ကိုယ့်အားကိုယ်ကိုးစာပေအလင်းရောင်စာကြည့်တိုက်ဖွင့်

**သုံးခွ ဇွန် ၂၃**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ရေပေါ်ကန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာပေအလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲကို ရေပေါ်ကန်ကျေးရွာ လောကမာရဇိန်တန်ဆောင်း၌ မေ ၂၀ ရက်နံနက်၁၀နာရီကကျင်းပရာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းခေတ္တအတွင်းရေးမှူးဦးကျင်ဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးဦးညွန့်ရွှေနှင့် ကျေးရွာ ဥက္ကဋ္ဌ ဦးစိန်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါစာကြည့်တိုက်ဖွင့်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ခေတ္တအတွင်းရေးမှူးဦးကျင်ဝင်းက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညွန့်ရွှေက လူငယ်တို့၏ အနာဂတ်ခရီးနှင့် စာကြည့်တိုက်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြီး သုံးခွမြို့ အမှတ်(၆)ရပ်ကွက်မှ ဦးဉာဏ်ထွန်း-ဒေါ်ခင်မြဝင်းမိသားစုတို့က နက္ခတ္တရောင်ခြည်မဂ္ဂဇင်းအုပ် ၁၀၀ လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**



**ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့ သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့အတွက် ပြည်သူလူထုအပန်းဖြေရာ စမ်းမာလာဥယျာဉ် ပန်းခြံဝင်းအတွင်း မြေခင်းအလှပြုပြင်ရေးလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင် ဦးဆောင်သော ဝန်ထမ်းများ ဇွန်၂၂ရက်က စုပေါင်းဆောင်ရွက်ကြစဉ်။** (၃၀၆)

# လက်တွဲဝန်းရံ အမျိုးသားညီလာခံ



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွဲ့ ဂျပန်နိုင်ငံ တပ်မတော်တည်ထောင်သည့် နှစ်(၅၀)ပြည့် အထိမ်းအမှတ် ဧည့်ခံပွဲသို့ ဇူလိုင် ၁ ရက်က တက်ရောက်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး **Mr. Yuji Miyamoto** နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

## ကျောက်စိမ်းအတွဲ ၄၆၈ တွဲရောင်းချ

ရန်ကုန် ဇူလိုင် ၁

**၂၀၀၄ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ အစီအစဉ်အရ တတိယနေ့အဖြစ် ယနေ့နံနက် ၉ နာရီတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမရှိ ဈေးပြိုင်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ပနိုင်ငံ ခုနစ်နိုင်ငံ၊ ကုမ္ပဏီ ၁၈၉ ခုမှ ရတနာကုန်သည် ၄၈၇ ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၁၂၉ ခုမှ နိုင်ငံသား ရတနာကုန်သည် ၃၈၃ ဦး စုစုပေါင်း ရတနာကုန်သည် ၈၇၀ တက်ရောက်ဝယ်ယူကြသည်။**

*စာမျက်နှာ ၄ ကော်လံ ၄* ●

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာန ထိန်းချုပ်ဓာတုပစ္စည်းကြိုးကြပ်ရေးဆိုင်ရာနည်းဥပဒေများထုတ်ပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၀၄
**ရန်ကုန်မြို့၊ ၁၃၆၆ ခုနှစ် ပထမဝါဆိုလပြည့်နေ့**
**(၂၀၀၄ခုနှစ် ဇူလိုင်လ ၁ ရက်)**

ပြည်ထဲရေးဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၃၀၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

***စာမျက်နှာ ၄ ကော်လံ ၁*** ✻

## ဂျပန်အပေါ့စားစက်ခေါင်းသုံးခေါင်း သင်္ဘောပေါ်မှသယ်ချမှု ရထားပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၁**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ မြန်မာ့မီးရထားမှဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ဂျပန်နိုင်ငံမှဝယ်ယူ ရောက်ရှိလာသော ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း၌အသုံးပြုမည့် အပေါ့စားစက်ခေါင်းသုံးခေါင်းကို ရန်ကုန်မြို့ အလုံမြို့နယ်ရှိ Asia World ဆိပ်ကမ်း၌ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၊ စစ်ကိုင်းသင်္ဘောပေါ်မှ ချယူမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အပေါ့စားစက်ခေါင်းသုံးခေါင်းကို FOB စနစ်ဖြင့် ဝယ်ယူခဲ့ပြီး ဂျပန်နိုင်ငံ

***စာမျက်နှာ ၄ ကော်လံ ၆*** ☆





**ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်အောင်မင်း ဂျပန်နိုင်ငံမှ ဝယ်ယူရောက်ရှိလာသော အပေါ့စားစက်ခေါင်းသုံးခေါင်း စစ်ကိုင်းသင်္ဘောပေါ်မှ ချယူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)**

## ကမ္ဘာတစ်လွှား ထူးထူးခြားခြား

### အင်္ဂါဂြိုဟ်ရှိရွှေအိုးတောင်ကုန်း



အင်္ဂါဂြိုဟ် စူးစမ်းလေ့လာရေးယာဉ် စပရစ်က ဇွန် ၂၅ရက်တွင် အင်္ဂါဂြိုဟ်၏ အနီးကပ်ပုံကို ထုတ်ပြန်ပေးခဲ့ရာပုံတွင် ရွှေအိုးဟု အမည်ပေးထားသော ကျောက်တောင်အား ဖုံးအုပ်နေသည့် သတ္တုအစိုင်အခဲများကိုတွေ့ရသည်။ **(ဝဲပုံ)**

ယင်းကျောက်တောင်တွင် ဟီမာတိုက်သတ္တုများပါဝင်ရာ ရှေးရှေးကရေ သို့မဟုတ် မီးတောင်လှုပ်ရှားမှုဖြစ်နိုင်သည်ဟုဆိုသည်။အင်္ဂါဂြိုဟ်၌ သိပ္ပံပညာရှင်တို့ တွေးထင်ထားသည် ထက်ရေများစွာရှိခဲ့သည်ဆိုသော်လည်း အဘယ့်ကြောင့်ခန်းခြောက်သွားသည်ကို သိပ္ပံပညာရှင်များ ယခုတိုင်အဖြေမထုတ်နိုင်သေးပေ။ **(ဓာတ်ပုံ–အင်တာနက်)**

### ဒိုင်နိုဆော ဥများ

လွန်ခဲ့သည့်အပတ်က ဩစတြေးလျနိုင်ငံတွင် ရာဇဝတ်ဂိုဏ်းများကို ရဲအဖွဲ့က ဝင်ရောက်စီးနင်းစဉ် သိမ်းဆည်းရရှိခဲ့သော ကျောက်ဖြစ်ရုပ်ကြွင်း ဒိုင်နိုဆော သတ္တဝါ၏ ဥသုံးလုံးဖြစ်သည်။**(ယာပုံ)** ဒိုင်နိုဆော ဥတစ်လုံး၏တန်ဖိုးသည်မှောင်ခိုဈေးကွက်တွင်ဩစတြေးလျ ဒေါ်လာ ၁၅၀၀၀ (ဒေါ်လာ ၁၀၃၀၀)ရှိသည်။ **(ဓာတ်ပုံ–အင်တာနက်)**



## အိမ်ရှင်ပေါ်တူဂီတို့ ဗိုလ်လုပွဲတက်၍အောင်ပွဲခံ လိမ္မော်ရောင် ဟော်လန်တို့ ဆီမီးဖိုင်နယ်မှပင် လှည့်ပြန်ရပြီ

**သတင်းဆောင်းပါး – ကိုဌေး**

**ရန်ကုန် ဇူလိုင် ၁**

၂၀၀၄ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် နံနက် ၁ နာရီ ၁၅မိနစ်တွင် ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့ရှိ စပို့တင်းကလပ်ပိုင် Estadio Jose Alvalde ကွင်း၌ အိမ်ရှင်ပေါ်တူဂီအသင်းနှင့် ဟော်လန်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ပေါ်တူဂီအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

***စာမျက်နှာ ၁၃ ကော်လံ ၁*** ■